မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိမိတို့လူမျိုး၏ ဇာတိဂုဏ်ကို အမျိုးသားပြတိုက်မှတစ်ဆင့် ကမ္ဘာသိအောင်ပြသ

နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်နှင့်ညီသည့် နိုင်ငံတော်အဆင့်ပြတိုက်ဖြစ်အောင် တည်ဆောက်

နေပြည်တော် ဧပြီ ၂၁

အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် တည်ဆောက်ခင်းကျင်းပြသရေးလုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်၍ အကောင်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်ခန်းကျင်းပသည့် နေပြည်တော်၌ တည်ဆောက်လျက်ရှိသော အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တို့၌ ခင်းကျင်းပြသရေးဆိုင်ရာ အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ဆွေးနွေးမှာကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရေနေသတ္တဝါတို့၏ အသက်အန္တရာယ်

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာ ရေမျက်နှာပြင်တို့ မြင့်တက်ပြီး ပူနွေးလာမှုကြောင့် ရေနေသတ္တဝါများ သေဆုံးပျက်စီး။ (စာ-၅)

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ။ (စာ-၁၃)

စီရိုနယ်ဒို ခေါင်းတိုက်ဂိုး ရီးရဲမက်ဒရစ်အတွက် ပထမဆုံးဖလား ဆွတ်ခူး။ (စာ-၁၂)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၂၂ ရက်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာ

ယနေ့အချိန်အခါ၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အချိန်တိုကာလအတွင်း လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်နေကြပြီဖြစ်သည်။ အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းတို့ကို အဆင့်မြှင့်ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် ခရိုင်ချင်းဆက်၊ မြို့ချင်းဆက်၊ ကျေးရွာချင်းဆက် လမ်းများမှတစ်ဆင့် ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ယာဉ်သုံးစွဲမှုများ တိုးတက်များပြားလာခဲ့သည်။ ယာဉ်သုံးစွဲမှု များပြားလာခြင်းဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

ယနေ့အချိန် ယာဉ်တိုက်မှုအန္တရာယ် များပြားလာခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှု လျော့နည်းနေခြင်းကြောင့် ဖြစ်သည်။ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာခြင်းမရှိ၍ ယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့ရပြီး အသက်အန္တရာယ်များ ဆုံးရှုံးခဲ့ရသည်။

ယာဉ်မောင်းသူများသည် သတ်မှတ်သည့်ယာဉ်ကြောကို တိကျစွာလိုက်နာမောင်းနှင်ခြင်းနှင့် ယာဉ်ကြောပိတ်၍ ရပ်တန့်ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ယာဉ်တိုက်မှုများကို လေ့လာကြည့်လျှင် မဆင်မခြင်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း၊ ကားကိုအပြိုင်မောင်းနှင်ခြင်းနှင့် လမ်းကူးသူများ လမ်းစည်းကမ်းမလိုက်နာခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ အများဆုံးဖြစ်ပေါ်ရခြင်း ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက လမ်းများအဆင့်မြှင့် ဖောက်လုပ်ပေးခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးနေသဖြင့် လမ်းပန်းဆက်သွယ်ရေးချောမွေ့နေပြီဖြစ်ရာ ပြည်သူများအပိုင်းကလည်း မိမိတို့လိုရာခရီးကို လွယ်ကူစွာ အချိန်တိုအတွင်းရောက်ရှိနိုင်ရေးအတွက် သတ်မှတ်ထားသည့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် လိုက်နာဆောင်ရွက်သွားကြပါက ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းပြီး ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သက်ကြီးပူဇော်ပွဲများ ကျင်းပ

ထန်းတပင်မြို့နယ်၌ သက်ကြီးပူဇော်

ထန်းတပင် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်က သက်ကြီးပူဇော် ကန်တော့ပွဲကျင်းပရာ သက်ကြီး ရွယ်အို အဘိုးအဘွား ၈၄ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ရုံးဝန်ထမ်းများ၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုပေါင်း၍ လှူဖွယ်ဝတ္ထု ပစ္စည်းများဖြင့် လှူဒါန်းပူဇော် ကန်တော့ကြသည်။ (အပေါ်ဝဲပုံ) (၁၈၃)

ရခိုင်ရိုးရာ သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၂၁

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ အကြိမ်(၂၀)မြောက်

ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပရာ (အောက်ပုံ) အသင်းဥက္ကဋ္ဌ ကိုမင်းနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်ညွန့်က ပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပူဇော်ကန်တော့

ဆက်လက်၍ နာယက ဦးဇော်ခိုင်သန့်က ကန်တော့ချိုးတိုင်ပေးပြီး အသင်းသူ အသင်းသားများကအဘိုးအဘွား ၇၃ ဦးအား အလှူပစ္စည်း ပေးအပ်ကာ စုပေါင်းပူဇော်ကန်တော့ကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား ဦးအေးနုက ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြေကြီးမြေပုံ မှန်ကန်ရေး ကြို့ပင်ကောက်၌ ကွင်းဆင်းတိုင်းတာ

ကြို့ပင်ကောက် ဧပြီ ၂၁

ကြို့ပင်ကောက် မြို့နယ်တွင် မြေကြီးမြေပုံမှန်ကန်ရေး ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဧပြီ ၁၀ ရက်မှစတင်၍ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များမှ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများ၊ မြေတိုင်းစာရေးတို့ စုပေါင်း၍ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ပြီးစီးရန် ရည်မှန်းထားသည်။

အဆိုပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦးက ကြို့ပင်ကောက်မြို့နယ် မြေစာရင်းဦးစီးဌာန၌ ဧပြီ ၈ ရက် နံနက် ၁၀ နာရီက အသေးစိတ်ရှင်းလင်းခဲ့ပြီး မြေကြီးမြေပုံစာရင်းနှင့်သီးနှံစိုက်ဧကမှန်ကန်ရေး စံနမူနာပြအဖြစ် ဆောင်ရွက်မည့်စီမံချက်ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၁၁၁)

မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့ ဖက်ရှင်ပြပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ကုန်စည်ပြပွဲ ကော်မတီအတွင်းရေးမှူး ဦးမျိုးသန့် ဦးဆောင်သောအဖွဲ့ဝင် ၃၀ ပါဝင်သည့် မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့သည် ထိုင်းနိုင်ငံ Ministry of Commerce , Department of Export Promotion (DEP) ၏ဖိတ်ကြားချက်အရ ဗန်ကောက်မြို့တွင် ကျင်းပမည့် Bangkok International Fashion Fair and Bangkok International Leather Fair 2011 သို့ တက်ရောက်ရန် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ထိုသို့ ထွက်ခွာရာတွင် ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ကုန်စည်ပြပွဲကော်မတီဝင် ဒေါက်တာ သင်းနွယ်ဝင်းနှင့်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ) (ကုန်သည်/စက်မှုအသင်းချုပ်)

သက်ကြီးပူဇော်ပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် (၃၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက နယ်မြေ(၈) သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ရပ်ကွက် ရပ်မိရပ်ဖ ဦးဘိုကြည်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် ကန်တော့ခံ သက်ကြီး အဘိုးအဘွားများကိုယ်စား အဘိုး ဦးဘိုကင်းနှင့် အဘွားဒေါ်လှမေတို့က ဆုံးမဩဝါဒစကားပြောကြားပြီး ကန်တော့ခံအဘိုးအဘွား ၄၉ဦးအား ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ငွေကျပ်သုံးသိန်းကျော် တန်ဖိုးရှိသည့် ငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

22-4 (02).pmd 1 4/22/2011, 2:04 AM

❖ *ရှေ့ဖုံး*

ဖော်ထုတ်တင်ပြ

အထူးသဖြင့် အမျိုးသားပြတိုက်လုပ်ငန်းသည် မိမိတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်၊ မိမိတို့၏ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်၊ မိမိတို့နိုင်ငံနှင့်လူမျိုး၏ စွမ်းဆောင်နိုင်မှု စွမ်းအားတို့ကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသရမည်ဖြစ်၍ အရေးကြီးကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အခြားကမ္ဘာအသီးသီးက နိုင်ငံ၏ စွမ်းဆောင်ရည် စွမ်းအားကို ပြသကြမည့်နည်းတူ မိမိတို့၏ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုမြင့်မားဖွံ့ဖြိုးမှုကို ဤအမျိုးသားပြတိုက်ကြီးက ဖော်ထုတ်ပြသသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လူမျိုး၏ ဇာတိဂုဏ်ကို အမျိုးသားပြတိုက်မှတစ်ဆင့် မိမိတို့ပြည်သူများကိုရော ကမ္ဘာကပါသိအောင် ပြသကြရမည် ဖြစ်ကြောင်း၊ မိမိတို့လူမျိုး၏ အစဉ်အလာကြီးမားခဲ့သည့် ဇာတိဂုဏ်ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ၊ နိုင်ငံနှင့် လူမျိုး၏ စွမ်းဆောင်အောင်မြင်မှုများကို ပီပြင်အောင် ဖော်ထုတ် တင်ပြကြရန်လိုကြောင်း။

အမျိုးသားပြတိုက်တည်ဆောက်ခင်းကျင်းပြသခြင်းလုပ်ငန်းစဉ်၌ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်နှင့်ညီသည့် နိုင်ငံတော်အဆင့် ပြတိုက်ဖြစ်အောင် တည်ဆောက်ပေးရန်၊ ခေတ်မီ၊ ဆွဲဆောင်မှုရှိ၊ အဆင့်အတန်းမြင့်မားပြီး ထိန်းသိမ်းမှုစနစ် မှန်ကန်သည့် အမျိုးသားပြတိုက်ဖြစ်ရန် ဟူသည့် ရည်မှန်းချက်ထားရှိပြီး တည်ဆောက်ခင်းကျင်း ပြသကြရမည်ဖြစ်ကြောင်း၊ ကြီးမား ကျယ်ပြန့်လေးနက်သည့် လုပ်ငန်းရပ်ဖြစ်ပြီး အချိန်မီဆောင်ရွက်ရန်လည်း လိုအပ်သည့်အတွက် အဘက်ဘက်မှ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အစီအမံ

အမျိုးသား စာကြည့်တိုက် တည်ဆောက်ရာ၌လည်း အမျိုးသားပြတိုက်တည်ဆောက်မှု သဘောသဘာဝအတိုင်း တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ စာကြည့်တိုက်ပညာ တတ်ကျွမ်းသူများက သေချာ တာဝန်ယူဆောင်ရွက်ရန်လိုကြောင်း၊ အီလက်ထရွန်နစ်စာကြည့်တိုက် (Electronic Library) ဖြစ်အောင်လုပ်ရန်၊ စာကြည့်တိုက်သို့ လာရောက်ကြသူများအတွက် လွယ်ကူသည့် စနစ်ဖြစ်ရန်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ အားလုံးပြီးစီးနိုင်အောင် အစီအမံများချမှတ်လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း ဖြင့်လည်း ဝန်ကြီးက ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ACE ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းက အမျိုးသားပြတိုက် (နေပြည်တော်) လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ မိုးကြယ်စင်ဆောက်လုပ်ရေးမှ စီမံကိန်း ဒါရိုက်တာ ဦးဝင်းဇော်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်)လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အမျိုးသားပြတိုက်(နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တို့၌ ခင်းကျင်းပြသရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးဦးကျော်ဆန်းသည် အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း နေပြည်တော်၌ တည်ဆောက်လျက်ရှိသော အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တို့၌ ခင်းကျင်းပြသရေးဆိုင်ရာ အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

စာအုပ်ဖြင့် မောင်မိုးသူ၊ သိပ္ပံဘာသာရပ်အတွက် **''အတိုင်းမသိ စကြဝဠာ''** စာအုပ်ဖြင့် ကိုဆွေ (ပန်းနိုရားမား)၊ဘာသာပြန်ဘာသာရပ်အတွက် **''စီးပွားအောင်ခြင်း''** စာအုပ်ဖြင့် ကြည်ရွှန်း၊ ရည်ညွှန်းစာပေ ဘာသာရပ် အတွက် **''စာအုပ်ကမ္ဘာ''** စာအုပ်ဖြင့် ဖေမြင့်နှင့် လူမှုစီးပွား ဘာသာရပ်အတွက် **''နိဂုံးမဟုတ်သော နိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ''** စာအုပ်ဖြင့် ဝင်းထွဋ်ဇော်တို့ ဖြစ်ကြသည်။

အမြန်ဆက်သွယ်

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ မေ ၁ ရက်တွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၃၇၄၄၀၀၊ ၃၉၂၉၈၂ နှင့် ၃၈၅၂၉၃ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သိရှိရသည်။

ချီးမြှင့်မည်

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ဆဋ္ဌမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၀၉ ခုနှစ်အတွက် ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်းဆု(၁၀)ဆု ချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် လူငယ်စာပေ၊ နိုင်ငံတကာရေးရာနှင့် အသုံးချသိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခုနစ်ဆုသာ ချီးမြှင့်မည်ဖြစ်ပြီး သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ငွေကျပ်ခြောက်သိန်းနှင့် ဘာသာရပ်ဆိုင်ရာဆုများအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊
၅:၂၀ MRTV-4 သတင်း
၅:၅၀ **သောကရောက်မှတရားအားထုတ်မှာလား** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၆:၄၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်… ကန်တော်ဦးမုမြတ်စေတီ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၉)
၈:၄၅ Sai Sai Birthday Show (Part -4)
၉:၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီဦးအောင်ခိုင်) (အပိုင်း -၁)
၁၀:၁၀ ဒုတိယအကြိမ်မြောက် သူနာပြုဒီပလိုမာ (၁၉၈၇-၉၁) အာစရိယပူဇော်ပွဲ
၁၀:၂၅ Activities in the City (Kccn Cie Health Care Services ၏ ကျန်းမာရေးဟောပြောပွဲနှင့်အတူ)
၁၀:၄၅ ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာငါးဦး၏လက်ရာ (အပိုင်း-၂)
၁၁:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၃၀ Activities in the City တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် (ရေဆင်း) ၁၉၈၃-၈၇၏ မြတ်ဆရာပူဇော်ပွဲ
၁၁:၄၅ MRTV -4 ကာတွန်းအစီအစဉ်
၁၂:၁၀ ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲ
၁၂:၃၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၁)
၁၂:၅၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၁:၀၀ **သောကရောက်မှ တရားအားထုတ်မှာလား** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၁)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၉)
၅:၀၅ မူဟန်ကိုယ်စီတေးကိုသီ
၅:၁၀ ဂါရဝဖြင့်ဦးညွှတ်ချီ မြတ်ဆရာများ၏ ကျေးဇူးဂုဏ်အင် (မိုးကုတ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ)
၅:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Batik Fashion Show)
၅:၄၅ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ပညာရေးမိသားစု ဒုတိယအကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၂)
၇:၁၀ Sai Sai Birthday Show (Part -5)
၈:၀၀ MRTV-4 သတင်း
၈:၃၀ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တစတိလ မဟာထေရ်မြတ်၏ **ပုန္နောပသမ္ပဒအဘိဝိဇာတမင်္ဂလာနှင့် အဘိဓဇအဂ္ဂမဟာပူဇာသဘင်**
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၀)
၁၀:၂၀ VJ Choice
၁၀:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင်သားညီနှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၁၁:၁၅ သူဌေးကျွန်းနှင့် Ecotourism
၁၁:၄၀ World of Knowledge (Ancient Megastructure: Machu Picchu)
၁၂:၂၅ ရွှေလာငွေလာ သုံးရောင်ခြယ်မာလကာ
၁၂:၅၀ Shooting Location (ဆရာမအိမ်)
၁:၀၅ မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၁:၂၀ နယည်ဆန်းထွင်ပန်းအလှဆင် (L ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
၁:၄၀ **မျက်ရည်စက်များကင်းစေချင်** အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၂:၁၅ ဘဝများ (တင်မိုးလွင်)
၂:၄၅ ခေတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
၄:၃၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
၄:၅၀ အံ့ဖွယ်တမူ **ဆဒ္ဒန်ဂူ**
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၁၁

ချောက်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၀ ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့	၄၀ ဒီဂရီစင်တီဂရိတ်

နိုင်ငံတကာသတင်းများ

လော့စ်အိန်ဂျလိစ် ဆိပ်ကမ်း၌ ငါးထောင်ပေါင်းများစွာ သေဆုံး

လော့စ်အိန်ဂျလိစ် ဧပြီ ၂၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ဆိပ်ကမ်းတွင် ငါးကောင်ရေ ထောင်ပေါင်းများစွာ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် မည်သည့်အတွက်ကြောင့် သေဆုံးရသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အမေရိကန်အရာရှိများက ဧပြီ ၂၁ ရက်၌ ပြောကြားသည်။(အောက်ပုံ)

ကနဦးစုံစမ်းစစ်ဆေးမှုအရ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်နိုင်ကြောင်း ၄င်းတို့က သတိပေးထားသည်။ အဓိကအချက်မှာ ရေထဲတွင် အောက်ဆီဂျင်နည်းပါး၍ ဖြစ်နိုင်ကြောင်း၊ တစ်ဖန် ပင်လယ်ဒီရေလှိုင်းများရိုက်ခတ်မှု၊ လင်းပိုင်နှင့် ပင်လယ်ဖျံအပါအဝင် ရေပျော်သတ္တဝါတို့၏အန္တရာယ်ကြောင့်လည်း ဖြစ်နိုင်ကြောင်း ဆက်လက်သတိပေးထားသည်။

နစ်မြုပ်

အမေရိကန်အရာရှိများက ကင်းလှည့်ရေယာဉ်များဖြင့် စစ်ဆေးကာ သေဆုံးနေသော ငါးများကို လိုက်လံဆယ်ယူလျက်ရှိကြောင်း၊ အချို့ငါးများမှာ ရေအောက်သို့ နစ်မြုပ်သွားကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်ဆိပ်ကမ်းအနီး ရီဒွန်ဒိုကမ်းခြေ၌ ပြီးခဲ့သည့် မတ်လအစောပိုင်းမှ စတင်ကာ ယနေ့အထိ သေဆုံးသည့် ငါးမျိုးစုံမှာ အလေးချိန် ၁၇၅ တန်ခန့်ရှိကြောင်း သိရသည်။ (အင်တာနက်)

လန်ဒန်မြို့ သိမ်းမြစ်ပေါ်မှ ကေဘယ်လ်ကား ပြေးဆွဲမည်

လန်ဒန် ဧပြီ ၂၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ သိမ်းမြစ်ပေါ်ဖြတ်သန်းမည့် ကေဘယ်လ်ကားသစ်များ **(ယာပုံ)**ကို ၂၀၁၂ ခုနှစ်နွေရာသီ၌ စတင်ပြေးဆွဲနိုင်ရန် တည်ဆောက်နေပြီဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ဘော်ရစ်ဂျွန်ဆင်က ဧပြီ ၂၀ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ခန့်မှန်းထား

အရှည် ၁ ဒသမ ၁ ကီလိုမီတာ (၀ ဒသမ ၆၈) မိုင်ရှိသော သံမဏိကြိုးကို သိမ်းမြစ်မြောက်ဘက်ကမ်းရှိ ရွှိုင်ရယ်ဒေါ့စ်အရပ်နှင့် အခြားတစ်ဖက်ကမ်းရှိ ဂရင်းဝစ်ကျွန်းဆွယ်တို့ကို ချိတ်ဆက်သွယ်တန်းမည်ဖြစ်သည်။ ယင်းကြိုးလိုင်းသွယ်တန်းမှုအတွက် အမေရိကန်ဒေါ်လာ ၆၅သန်း ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်၌ စတင်ကျင်းပမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ဖွင့်လှစ်သည့်အချိန်၌ သယ်ယူပို့ဆောင်ရေးစနစ်များအားလုံး ပြီးပြည့်စုံအောင်တည်ဆောက်သွားရန် အစိုးရ၏ လန်ဒန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းက မျှော်လင့်ထားသည့်အတွက် ယင်းကေဘယ်လ်ကားသစ် ပြေးဆွဲမှုကို ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်သည်။

ယင်းကေဘယ်လ်ကားသစ်များကို ဗြိတိန်အခြေစိုက် ဝီကင်ဆန်အိုင်ရီ ဗိသုကာလုပ်ငန်းက ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး တစ်စီးလျှင် ခရီးသည် ၁၀ ဦး လိုက်ပါစီးနင်းနိုင်သည့် ကေဘယ်လ်ကားအစီး ၃၄ စီး ထုတ်လုပ်ထားမည် ဖြစ်သည်။ ၄င်းကေဘယ်လ်ကားသည် သိမ်းမြစ်ပေါ် အမြင့်ပေ ၃၀၀ ခန့်၌ သွယ်တန်းထားသော ကောင်းကင်ကေဘယ်လ်ကြိုးဖြင့်ဖြတ်သန်းကာ ခရီးသည်များကို သယ်ဆောင်ပေးမည်ဖြစ်သည်။ အသွားခရီးစဉ်တစ်ကြောင်းကို အချိန်ငါးမိနစ်သာ ကြာမြင့်မည်ဖြစ်သည်။ တစ်နာရီလျှင် ခရီးသည် ၂၅၀၀ ခန့် သယ်ဆောင်နိုင်ရာ တစ်နှစ်လျှင် ခရီးသည် စုစုပေါင်း နှစ်သန်းခန့် သယ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အကြီးမားဆုံး ပင့်ကူကျောက်ဖြစ်ရုပ်ကြွင်း တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား၌ တွေ့ရှိ

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားဒေသမှ တွေ့ရှိခဲ့သော ပင့်ကူကျောက်ဖြစ်ရုပ်ကြွင်းသည် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးသည့် အကြီးဆုံးပင့်ကူကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ဧပြီ ၂၀ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။ (ယာပုံ)

အဆိုပါပင့်ကူမှာ အမဖြစ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်း သက်တမ်း နှစ်ပေါင်း ၁၆၅ သန်းခန့်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ပင့်ကူကြီးများမှာ ရွှေရောင်အဆင်းရှိကြောင်း၊ ခြေထောက်တစ်ချောင်း၏ ဖြက်အကျယ်မှာ ၁၅ စင်တီမီတာရှိကြောင်း အမေရိကန် ကန်ဆက်တက္ကသိုလ်မှ ပါမောက္ခ ပေါလ်ဆီလ်ဒင်က ပြောကြားသည်။

တွေ့ရှိခဲ့

Nephila ပင့်ကူအုပ်စုဝင် ပင့်ကူကြီးများကို ယခုအခါ ကမ္ဘာ့အပူပိုင်းဒေသများတွင်လည်း ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် တွေ့ရှိရသည်။ ယင်းပင့်ကူကြီးများသည် ဂျူရက်ဆစ်ခေတ်က မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်ရာ ယခုအခါ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

စင်ကာပူက ပထမဆုံး ဂြိုဟ်တုလွှတ်တင်

စင်ကာပူ ဧပြီ ၂၁

စင်ကာပူနိုင်ငံက လေးနှစ်ကြာမျှ အချိန်ယူထုတ်လုပ်ခဲ့သည့် ပြည်တွင်းဖြစ် ဂြိုဟ်တုတစ်လုံးကို အိန္ဒိယနိုင်ငံ စတစ်ဒီဟာဝမ် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဧပြီ ၂၀ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၄၂မိနစ်၌ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။ (ယာပုံ)

၄င်းဂြိုဟ်တုသည် ကမ္ဘာမြေ၏ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် မြေဆီလွှာအနေအထားများကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ သတင်းအချက်အလက်များရယူကာ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

ယင်းဂြိုဟ်တုကို စင်ကာပူနိုင်ငံ နန်ယန်နည်းပညာတက္ကသိုလ်နှင့် စင်ကာပူကာကွယ်ရေးတက္ကသိုလ်တို့က သုတေသနပြုကာ ဒီဇိုင်းပုံစံပြုလုပ်ပြီး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အာကာသအတွင်း ပုံမှန်လှည့်လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

❖❖ မိုးမြင့်လင်းလက် ➢ စုစည်းသည် ❖❖



ဘင်္ဂလားဒေ့ရှ်၌ ရေယာဉ်နစ်မြုပ်၊ ၂၅ဦးသေဆုံး

ဒါကာ ဧပြီ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာဂျာပူရာမြို့အနီး မီဂနာမြစ်အတွင်း ဧပြီ ၂၀ ရက်က ခရီးသည်တင်ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ၂၅ဦးသေဆုံးပြီး ၂၅ဦးကျော် ပျောက်ဆုံးလျက်ရှိကြောင်း အိန္ဒိယအရာရှိများက ဧပြီ ၂၁ ရက်၌ ပြောကြားသည်။ (ဝဲပုံ)

နစ်မြုပ်

၄င်းရေယာဉ်သည် ခရီးသည် ၅၀ ကျော်ကို တင်ဆောင်လာပြီး မီဂနာမြစ်အတွင်း မောင်းနှင်လာစဉ် ရာဂျာပူရာမြို့အနီး မြစ်ရေပြင်၌ ကုန်တင်သင်္ဘောတစ်စင်းနှင့် တိုက်မိခဲ့သဖြင့် ယင်းနေ့ နံနက် ၂ နာရီခန့်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင်ရေယာဉ်မှ အချို့သာ မြစ်ကမ်းသို့ရေကူးနိုင်ပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ရေယာဉ်နစ်မြုပ်သည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ ***(အင်တာနက်)***

ပါကစ္စတန်နိုင်ငံ၌ နေတိုးလောင်စာဆီတင်ယာဉ် မီးလောင်ပေါက်ကွဲမှုဖြစ်ပွား

အစ္စလမ္မာဘတ် ဧပြီ ၂၁

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းတွင် နေတိုးလောင်စာဆီတင်ယာဉ်တစ်စီး ဧပြီ ၂၁ ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ ယာဉ်မောင်းဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်

ဖြစ်ပွားမှုမှာ ဘလူချီစတန်ပြည်နယ်အလယ်ပိုင်း စီဘီခရိုင် ဒါရှ်အရပ်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့အတွက် လောင်စာဆီထောက်ပံ့ဖြည့်ဆည်းရန်သွားရောက်မည့် လောင်စာဆီတင်ယာဉ်ကို အမည်မသိလက်နက်ကိုင်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပျက်စီး

မီးလောင်ပေါက်ကွဲမှုကြောင့် ၄င်းမော်တော်ယာဉ်ပျက်စီးသွားခဲ့သည်။ အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့အတွက် လောင်စာဆီထောက်ပံ့ပေးနေသောယာဉ်များ တိုက်ခိုက်ခံရမှုမှာ ၂၀၀၈ ခုနှစ်ကတည်းက ယခုနှစ် ဧပြီ ၂၁ ရက်အထိ အစီး ၃၀၀ ကျော်ရှိပြီဖြစ်သည်။ (အင်တာနက်)

ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရေနေသတ္တဝါတို့၏ အသက်အန္တရာယ်

ကမ္ဘာ့တစ်ဝန်းသစ်တောများခုတ်ထွင်မှု၊ တောမီးများ လောင်ကျွမ်းမှု၊ ရုပ်ကြွင်းလောင်စာများ ထုတ်ယူသုံးစွဲမှုနဲ့ စက်ရုံအလုပ်ရုံတွေက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ မလျော့တမ်း ထုတ်လွှတ်မှုစတဲ့ လူတို့ပယောဂမကင်းတဲ့ လုပ်ရပ်တွေကြောင့် ကမ္ဘာကြီးဟာ တစ်နေ့တခြား ပူနွေးလာပြီဖြစ်ပါတယ်။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ကမ္ဘာ့အပူချိန်မြင့်တက်လာမှုဟာ နှစ်၃၀အတွင်းမှာ သုံးဒီဂရီ စင်တီဂရိတ်အထိမြင့်တက်လာတာမို့ကမ္ဘာ့ ဝင်ရိုးစွန်းဒေသတွေက ရေခဲတွေ အရည်ပျော်မှု လျင်မြန်ပြီး အခုဆိုရင် ပင်လယ်ရေပြင် မြင့်တက်မှုတွေဟာ စိုးရိမ်ဖွယ် အနေအထားမှာ ရောက်ရှိနေပြီဖြစ်ပါတယ်။

သုံးသပ်

အဲဒါကြောင့် ကမ္ဘာ့ပင်လယ်နဲ့ သမုဒ္ဒရာရေပြင်တွေဟာ နှစ်စဉ် နှစ်မီလီမီတာခန့် မြင့်တက်လာတယ်လို့ အဏ္ဏဝါသုတေသနပညာရှင်တွေကပြောကြားနေပါတယ်။ ပင်လယ်ရေပြင်မြင့်တက်မှုနှုန်းဟာ လာမယ့် ဆယ်စုနှစ် ကာလအတွင်းမှာ အနည်းဆုံး သုံးမီလီမီတာအထိ မြင့်တက်လာပြီး ပင်လယ်ရေပြင်ရဲ့ အပူချိန်ဟာလည်း မြင့်တက်လာနိုင်တယ်လို့လည်း သုံးသပ်နေကြပါတယ်။

ဖော်ပြ

တရုတ်နိုင်ငံရဲ့ ကမ်းရိုးတန်း ပင်လယ်ရေပြင်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ အတွင်းမှာ နှစ်စဉ် နှစ်မီလီမီတာခန့် မြင့်တက်လာခဲ့ပြီး အပူချိန်ဟာလည်း ပိုမိုမြင့်တက်လာတာကြောင့် တရုတ်ပင်လယ်အတွင်းမှာ ရှင်သန်ကျက်စားနေကြတဲ့ ရေနေသတ္တဝါတွေဟာ ကပ်ဘေးဆိုက်တဲ့အခြေအနေနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပြီလို့ တရုတ်နိုင်ငံရဲ့ အဏ္ဏဝါဗေဒအုပ်ချုပ်ရေးအဖွဲ့က ဧပြီ ၂၀ ရက်က ထုတ်ပြန်တဲ့ စာတမ်းမှာ ဖော်ပြထားပါတယ်။

ပျောက်ကွယ်

ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနဲ့အတူ ရေနေသတ္တဝါတွေ အသက်ရှင်နေနိုင်တဲ့ အပူချိန်ထက် မြင့်တက်လာတာမို့ ၂၀၁၀ ခုနှစ်အတွင်းမှာ ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၁၃၇ ခု မျိုးသုဉ်းပျောက်ကွယ်ခဲ့ရတယ်လို့ အဲဒီစာတမ်းမှာ ဖော်ပြထားပါတယ်။ ဒီလို အကျိုးဆက်ကြောင့် ရေနေသတ္တဝါမျိုးစိတ်တွေနဲ့ ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ဆုံးရှုံးရတယ်လို့လည်း ဆိုပါတယ်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဝင်ရိုးစွန်းက ရေခဲတွေ အရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတာနဲ့ အတူ အဲဒီ ပင်လယ်ရေတွေဟာ ပူနွေးလာတာမို့ ရေထဲမှာ အောက်ဆီဂျင်လျော့နည်းပြီး ရေနေသတ္တဝါတွေသေဆုံးခဲ့ရတာ ဖြစ်ပါတယ်။ ငါးတွေဟာကိုလံဘီယာ၊ ပီရူး၊ အမေရိကန်၊ ဩစတြေးလျ စတဲ့ နိုင်ငံတွေရဲ့ ကမ်းခြေတွေမှာ အစုလိုက်အပြုံလိုက်သေဆုံးနေတာကိုမကြာခဏ မြင်တွေ့နေရပြီဖြစ်ပါတယ်။ ဝေလငါး၊ လင်းပိုင်နဲ့ အခြား ငါးမျိုးစိတ်ပေါင်းများစွာဟာ ပင်လယ်သမုဒ္ဒရာရေပြင်တွေမှာ နေ့စဉ် အကောင်ရေသန်းချီ သေဆုံးနေတာမို့ လက်ရှိအခြေအနေတိုင်းသာ ဆက်လက်ပြီး အပူချိန်တွေ မြင့်တက်နေရင် ရေနေသတ္တဝါတွေအပေါ် မှီခိုနေရတဲ့ လုပ်ငန်းတွေ၊ စားသောက်ကုန်တွေလည်း ထိခိုက်လာမှာ ဖြစ်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ ကမ္ဘာ့ပင်လယ်နဲ့ သမုဒ္ဒရာတွေက ရရှိတာမို့ ကမ္ဘာ့ပြည်သူတွေရဲ့ စားနပ်ရိက္ခာအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရောက်ရှိလာမှာ ဖြစ်ပါတယ်။

စိုးရိမ်စရာ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကမ်းခြေနဲ့ ပီရူးနိုင်ငံ ကမ်းခြေတွေမှာ ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ သေဆုံးခဲ့တဲ့ ငါးတွေဟာ တန်ချိန် ၄၀၀ ကျော် ရှိတယ်လို့ဆိုပါတယ်။ ဒါ့အပြင် ပစိဖိတ်ကမ်းခြေဒေသတွေမှာ နှစ်စဉ် ငါးမျိုးစိတ်ပေါင်း ၃၅မျိုးခန့် သေဆုံးပျောက်ကွယ်နေတာမို့ ကမ္ဘာ့ပင်လယ်နဲ့ သမုဒ္ဒရာတွေမှာနေထိုင်ကျက်စားတဲ့ ရေပျော်သတ္တဝါမျိုးစိတ်တွေအတွက် စိုးရိမ်စရာ အခြေအနေ ဖြစ်နေပါတယ်။

ဒီလိုကမ္ဘာ့ရေမျက်နှာပြင် မြင့်တက်လာခြင်းဟာ ကမ္ဘာကြီး ပူနွေးလာလို့ ဖြစ်တယ်လို့ အက်ဖ်အေအိုမှ သုတေသနပညာရှင်တွေက ထောက်ပြထားပြီး ဒါဟာ လူသားတွေရဲ့ ပယောဂကြောင့်ပဲလို့ ပွင့်ပွင့်လင်းလင်း ဝေဖန်ထားပါတယ်။

ထိခိုက်

ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမယ့် နျူကလီးယား လက်နက်တွေ စမ်းသပ်မှုနဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပိုမိုများပြားလာမှုတွေဟာလည်း ကမ္ဘာကြီးပူနွေးမှုကို အရှိန်အဟုန်မပျက် ဆက်လက် မြင့်မားစေတာကြောင့် အကျိုးဆက်အဖြစ် ကမ္ဘာ့ပြည်သူတွေပဲ ပြန်ပြီး ထိခိုက်မှု ဖြစ်စေမှာပါပဲ။

ထိန်းချုပ်သင့်

ဒါကြောင့် ကမ္ဘာကြီးပူနွေးလာမှုဟာ ကမ္ဘာ့ပင်လယ်နဲ့သမုဒ္ဒရာ ရေမျက်နှာပြင်တွေ မြင့်တက်လာမှုကို ဖြစ်ပေါ်စေတဲ့အတွက် ရေနေသတ္တဝါတွေ သေဆုံးပျက်စီးရလို့ လူတွေရဲ့ စားနပ်ရိက္ခာကို ထိခိုက်ရတာ ငြင်းလို့မရသလို ဒီလိုဖြစ်ရတာဟာလည်း လူတွေကြောင့်ပဲ ဆိုတာ မငြင်းနိုင်တာမို့ **"ကိုယ့်ရှူး ကိုယ်ပတ်"** ဆိုတဲ့ စကားလို ကမ္ဘာကြီး ပူနွေးလာမယ့် လုပ်ရပ်တွေကို ကမ္ဘာ့ပြည်သူများ ထိန်းချုပ်သင့်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

(အင်တာနက်)

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်ဒေသမှ ရေခဲများ အရည်ပျော်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဝင်ရိုးစွန်းက ရေခဲတွေအရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတာနဲ့အတူ အဲဒီပင်လယ်ရေတွေဟာ ပူနွေးလာတာမို့ ရေထဲမှာ အောက်ဆီဂျင် လျော့နည်းပြီး ရေနေသတ္တဝါတွေ သေဆုံးခဲ့ရတာ ဖြစ်ပါတယ်။

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာရေမျက်နှာပြင်တို့ မြင့်တက်ပြီး ပူနွေးလာမှုကြောင့် ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ကမ်းခြေ၌ ငါးများ ဤသို့ သေဆုံးခဲ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

မောင်ချစ်ကြည် - စုစည်းသည်

တောင်ကိုရီးယား ကုန်တင်သင်္ဘော အပိုင်စီးခံရ

ဆိုးလ် ဧပြီ ၂၁

တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်း (အောက်ပုံ)ကို ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်၌ ဆိုမာလီပင်လယ်ဓားပြများက ဧပြီ ၂၀ရက်တွင် အပိုင်စီးသွားခဲ့ကြောင်း တောင်ကိုရီးယား အရာရှိများက ဧပြီ ၂၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကုန်တန်ချိန် ၇၅၀၀၀ကို တင်ဆောင်ကာ တောင်ကိုရီးယား သင်္ဘောသား ၁၄ဦးလိုက်ပါလာသော ၎င်းသင်္ဘောသည် ဆိုမာလီကမ်းလွန် ရေပြင် အရောက်တွင် အဆက်အသွယ်ပြတ်တောက်သွားပြီး ဓားပြများ၏ အပိုင်စီးမှုကို ခံခဲ့ရခြင်းဖြစ်သည်။

၎င်းကုန်တင်သင်္ဘော အပိုင်စီးခံရမှုကို တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ ယင်းသင်္ဘောပေါ်၌ ကုန်ပစ္စည်းမျိုးစုံပါဝင်သော ကွန်တိန်နာများ တင်ဆောင်ထားကြောင်း သိရသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ်၌ ဥမင်လိုဏ်ပြိုကျ အလုပ်သမား ၁၂ဦး ပိတ်မိနေ

လန်ကျို့ ဧပြီ ၂၁

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ် အနောက်မြောက်ပိုင်းတွင် တည်ဆောက်နေသော ရထားလမ်းဥမင်လိုဏ်တစ်ခု ဧပြီ ၂၀ ရက်က ပြိုကျခဲ့ရာ အလုပ်သမား ၁၂ဦး ပိတ်မိနေကြောင်း ဒေသဆိုင်ရာကယ်ဆယ်ရေးအရာရှိများက ဧပြီ ၂၁ ရက်၌ ပြောကြားသည်။

ယင်းဥမင်လိုဏ်မှာ ရှန်တန်စီရင်စုတွင်ရှိပြီး မတော်တဆဖြစ်ရပ်ကြောင့် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က ပြိုကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ပိတ်မိနေသော အလုပ်သမားများမှာ ချိုင်းနားရထားကုမ္ပဏီမှဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

မက္ကဆီကို၌ တောမီးများလောင်ကျွမ်း

မက္ကဆီကိုစီးတီး ဧပြီ ၂၁

မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းရှိ ကွင်တာနာရိုးပြည်နယ်တွင် ဧပြီ ၂၀ ရက်က တောမီးလောင်ကျွမ်းမှုများဖြစ်ပွားရာ သစ်တောဧရိယာ ဟက်တာ ၂၅၀၀ ခန့် မီးဘေးသင့်ခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်ရေးရာ ဝန်ကြီးဌာနက ဧပြီ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

တောမီးလောင်ရာတွင် ဆီအန်ခါအင်ဘိုင်အိုစဖီးယားဒေသ၌ သစ်တောဧရိယာ ဟက်တာ ၄၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။ တစ်ဖန် ဆန်ပီဒီရိုအရပ်၌ သစ်တောဟက်တာ ၆၀၀ ခန့် မီးလောင်ခံခဲ့ရပြီး လာဇာရိုကာဒီနက်စ်အရပ်၌ သစ်တောဟက်တာ ၁၀၀၀ခန့် မီးလောင်ခဲ့သည်။

ထို့အပြင် ဆန်တာဂျူလီရာအရပ်တွင် သစ်တောဟက်တာ ၄၅၀ ကျော် မီးလောင်ခံခဲ့ရသည်။ ဧပြီ ၁၄ ရက်ကလည်း အခြားပြည်နယ်များ၌ တောမီးလောင်မှုများဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ ခန့် မီးငြိမ်းသတ်ခဲ့ရသည်။ မက္ကဆီကိုနိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် တောမီးများ မကြာခဏ လောင်ကျွမ်းလျက်ရှိကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြထားသည်။

(အင်တာနက်)

ဧပြီ ၂၁ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၁၂ ဒသမ ၁၀
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၃၄
၃။	ရွှေ	တစ်အောင်စ	၁၅၀၇ ဒသမ ၃၇
၄။	ငွေ	တစ်အောင်စ	၄၆ ဒသမ ၀၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၃၆
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် ဆရာတော်၊ သံဃာတော်များထံမှ သာသနာရေးဝန်ကြီး ဩဝါဒခံယူ

နေပြည်တော် ဧပြီ ၂၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁၉ ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသတို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်(၈)ပါးတို့အား သွားရောက်ဖူးမြော်၍ သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များထံမှ ဩဝါဒခံယူသည်။

ဩဝါဒခံယူ

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သို့ရောက်ရှိပြီး ပုဏ္ဏမာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသအား ဖူးမြော်ပြီး ဆရာတော်ထံမှ ဩဝါဒခံယူသည်။

သွားရောက်ဖူးမြော်

ဝန်ကြီးသည် ဧပြီ ၂၀ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကဝိဓဇအားလည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ငွေကြာယံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတ၊ မြသိမ်းတန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရနှင့် ဘဒ္ဒန္တသောမဏ တို့အားလည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော်များထံမှ ဩဝါဒခံယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာ- အလုံ မဟာဓာတ်အားလိုင်း မြစ်ကျော်တာဝါတိုင် တပ်ဆင်တည်ဆောက်နေ

နေပြည်တော် ဧပြီ ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၂၀ ရက်တွင် လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆိပ်ကြီးဘက်ကမ်းရှိ အမြင့် ၄၆၂ ပေ (အလေးချိန်၃၁၆တန်) ရှိသော မြစ်ကျော်တာဝါတိုင် တပ်ဆင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အမှတ်(၃) တာဘိုင်စက် Extension Joint အစားထိုး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ 230/66/11KV 2X100 MVA၊ အလုံပင်မ ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့

တိုးတက်အောင်မြင်မှုများ ရရှိနေသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၃ ရက်၌ မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းတစ်နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် ရည်ရွယ်ချက် ၁၀ချက်၊ လုပ်ငန်းတာဝန်(၇)ရပ်ချမှတ်၍ လှုပ်ရှားဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း တိုးတက်အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

အောင်မြင်မှုများရရှိ

အသင်း၏လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကော်မတီ၊ ရန်ပုံငွေရှာဖွေရေးကော်မတီ၊ လူ့စွမ်းအား မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးကော်မတီ၊ ပြည်ပဆက်သွယ်ရေးနှင့် ဈေးကွက်ဖော်ထုတ်မြှင့်တင်ရေးကော်မတီ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့၍ အောင်မြင်မှုများ ပိုမိုရရှိနေခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပြီးခဲ့သည့် မတ်လအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတို့၌ အသင်းသားများကို စနစ်တကျစည်းရုံး၍ ဆပ်ကော်မတီများ ဖွဲ့စည်းကာ ပါဝင်ပြသဆောင်ရွက်ခဲ့သည့်အတွက် ကျောက်စိမ်းအတွဲများ စံချိန်တင်ရောင်းချခဲ့ရပေသည်။

ဖြစ်တည်လာ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးတွင် မဏိရတနာကျောက်စိမ်းခန်းမကို တည်ဆောက်ခဲ့ပြီး အဆိုပါကျောက်စိမ်းခန်းမအနီး၌ပင် ကျောက်စိမ်းဥယျာဉ်(Jade Garden) ကိုလည်း တည်ဆောက်ခဲ့သည်။ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း၌လည်း ကျောက်စိမ်းသိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် သပြေကုန်းဈေး၊ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေးအနီးတစ်ဝိုက်သည် မကြာမီကာလအတွင်း Jade Town သဖွယ် ဖြစ်တည်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် အသင်းသားများနှင့် ကျောက်မျက်ပညာ လေ့လာလိုက်စားလိုကြသူများ ပညာဗဟုသုတတိုးပွားရေးအတွက် ကျောက်မျက်ပညာမိတ်ဆက်စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး ကျောက်မျက်ပညာနှင့်ပတ်သက်၍ ဟောပြောပွဲများနှင့် ကျောက်မျက်ပညာအခြေခံသင်တန်းများကိုလည်း ကျင်းပပေးနိုင်ခဲ့သည်။

တက်ရောက်ပြသ

ထို့ပြင် ပြည်ပမှလာရောက်သည့် နိုင်ငံခြားဧည့်သည်များကို လက်ခံဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် ပြပွဲများသို့ တက်ရောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်ပပြပွဲများ ဖြစ်သည့် ကူဝိတ်နိုင်ငံ၌ကျင်းပသော ရွှေနှင့်ကျောက်မျက်ရတနာပြပွဲ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် 45th Bangkok Gems and Jewellery Fair ၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပသည့် JJA International Jewellery Fair နှင့် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် Sri Lanka International Gems and Jewellery Fair တို့ကို တက်ရောက်ပြသနိုင်ခဲ့သည်။

ယင်းသို့ လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ လှုပ်ရှားဆောင်ရွက်နိုင်ခြင်းဖြင့် အသင်းသားစည်းရုံးရေးလုပ်ငန်းမှာလည်း အထူးအောင်မြင်လျက်ရှိရာ တစ်နှစ်ကျော်ကာလအတွင်း အသင်းဝင်ဦးရေ ၃၀၀၀ကျော်အထိ ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌လည်း ၂၄-၈-၂၀၁၀ရက်မှစတင်၍ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီအစည်းအဝေးကို ၂၀-၁၂-၂၀၁၀ ရက်က နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကျင်းပခဲ့ပြီး ၂၀၁၁-၂၀၁၂ခုနှစ် ဒုတိယအကြိမ်သက်တမ်းအတွက် အသင်းနာယကအဖွဲ့၊ ဂုဏ်ထူးဆောင်အကြံပေးအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ စာရင်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အားတက်ဖွယ်မြင်တွေ့

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် ရရှိပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း၍ ပိုမို၍တိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားတက်ဖွယ်မြင်တွေ့ရပါကြောင်း။ ။

သတင်းမှတ်စု-တင်ထွေး(သတင်းစဉ်)

ကျင်းပပြီးစီးခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကုန်သည်များ ကျောက်စိမ်းအတွဲများကို ဝယ်ယူရန် ဤသို့ လေ့လာကြည့်ရှုခဲ့ကြသည်။

ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော် ရရှိဖို့ သိပ္ပံနည်းကျ စပါးစိုက်နည်းစနစ်တွေ သုံးကြပါစို့

သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံ-သောင်းမြင့် (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ ပြည်မြန်မာရဲ့ လယ်ယာတစ်ခွင်မှာလည်း မိရိုးဖလာ စပါးစိုက်ပျိုးနည်းစနစ်ကနေ ခေတ်မီ သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်ကို အင်နဲ့အားနဲ့ပြောင်းလဲကျင့်သုံးဖို့ လိုအပ်လာပါပြီ။

လေ့လာကျင့်သုံး

ရိတ်သိမ်းချိန်မှာ အလေအလွင့် မရှိအောင် တလင်းပျောက်စနစ်နဲ့ ရိတ်သိမ်းကြဖို့၊ တိုက်ရိုက်အစေ့ချ ကြဲခြင်းစနစ်အစား တစ်ဧက တင်း ၂၀၊ တင်း ၃၀ အထိ ပိုမိုထွက်ရှိတဲ့ ပျိုးထောင်စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ စတာတွေအပြင် တစ်ဧကအထွက်နှုန်း ပျမ်းမျှ တင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် အဓိကအချက်ဖြစ်တဲ့ မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရေး၊ ခေတ်မီ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာ အသုံးပြုရေး၊ သွင်းအားစုများ အချိုးအစားမှန်ကန်စွာ အသုံးပြုရေးနဲ့ အလေအလွင့် နည်းပါးရေး စတဲ့ အချက်တွေက တောင်သူတွေ ဂရုပြုလေ့လာကျင့်သုံးစရာတွေပါ။

ဒါမှသာ စစ်ကြိုခေတ်က ဆန်စပါးကို အများဆုံးထုတ်လုပ်တင်ပို့ရောင်းချခဲ့ဖူးတဲ့ ရွှေရောင်တောက်ပတဲ့ ရွှေမြန်မာတွေခေတ်ကို ပြန်လည်တက်လှမ်းနိုင်မှာဖြစ်ပါတယ်၊ ရေခံမြေခံကောင်းတဲ့ ပြည်မြန်မာအတွက် ဒါဟာ လက်တစ်ကမ်းပါ။ သို့သော် ယခုထက်ကောင်းမွန်တဲ့ သီအိုရီတစ်ခုကို တွေ့ရှိထားပါလျက်နဲ့ မူလသီအိုရီ တစ်ခုတည်းကိုပဲ တရားသေဆုပ်ကိုင်ပြီး အိပ်မောကျနေရင်တော့ တောင်သူတွေ ခေတ်ယောင်းကြီးထဲမှာ ကျန်ရစ်ဖြစ်နေကြဦးမှာပါပဲ။

ဖြစ်ပေါ်လာ

ဒီအတွေး၊ ဒီအယူအဆတွေက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှာရှိတဲ့ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဇုန်(၁)နယ်မြေ အကွက်အမှတ်(၄) စပါးစိုက်ကွင်းကအပြန်မှာ ဖြစ်ပေါ်လာတဲ့ ယောနိသောမနသီကာရ စိတ်စေတနာသဒ္ဒါတရားတွေပဲ ဖြစ်ပါတယ်။

ဂိမှာန်ရာသီမှာပွင့်ဖူးတဲ့ စိမ်းမြမြစပါးခင်းကြီးတွေက အပတိတ်တိရစ္ဆာန်ဖြစ်တဲ့ ဖျိုင်းအုပ်တွေတောင် ဝသန္တရာသီအလား ထင်မှတ်မှားပြီး အလည်လာကြတဲ့အထိပါပဲ။ မယုံရင် သွားလေ့လာကြည့်ပါ၊ တကယ်ပါ။

“တစ်ဧကကို စပါးအစို ၂၆၁ တင်းထွက်ရှိမယ်လို့ ခန့်မှန်းထားကြောင်း၊ ပင်ပွားနှုန်းက တစ်ပင်စိုက်လျှင် ကိုးပင်ပွားကြောင်း၊ ပျမ်းမျှ တစ်နှံပါ အောင်စေ့ ၂၈၂ အထိရှိကြောင်း၊ စပါးမျိုးမှာ စပ်မျိုးစပါး F_1 ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် စပ်မျိုးများကို သိပ္ပံနည်းကျစိုက်ပျိုးမှ တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း” စိုက်ခင်းတာဝန်ခံ လုပ်ငန်းရှင် ဦးကျော်မြင့်က ရှင်းပြခဲ့ပါတယ်။

အချိန်ရခိုက်မှာ ဆက်ပြီးရှင်းလင်းပြောကြား ပေးခဲ့တာတွေကလည်း တောင်သူတွေအတွက် ပိုပြီးအကျိုးရစရာပါ။

ထွက်ရှိ

“F_1 စပ်မျိုးစပါးမျိုးစေ့က တစ်ဧကကို ၇ ကီလိုသာ သုံးစွဲရတဲ့အတွက် မျိုးကုန်ကျစရိတ် သက်သာတယ်၊ နည်းနည်းစိုက်ပြီး များများရတာပေါ့၊ အခု ကျွန်တော်စိုက်ထားတာ အနည်းဆုံး တစ်ဧကကို တင်း ၁၀၀ ကျော်ပြီး စံပြကွက်ကတော့ တစ်ဧကကို စပါးအစို ၂၆၁ တင်း ထွက်ရှိပါလိမ့်မယ်၊ အထွက်ကောင်းသလို စားလို့လည်း ကောင်းတယ်၊ ဈေးကွက်လည်းရှိတဲ့အတွက် တောင်သူတွေ စမ်းသပ်စိုက်ပျိုးစေချင်တယ်၊ စိုက်နည်းစနစ်နဲ့မျိုးပြောင်းမှ အကျိုးမြတ်ပိုရကြောင်း ကိုယ်တိုင်စိုက်ကြည့်မှ ပိုသိလာရပါတယ်။”

လက်တွေ့ စိုက်ပျိုးသူတစ်ဦးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေက စိတ်ဝင်တစား ဆွဲဆောင်မှုကောင်းလှသလို နွေနွေလယ်ခင်းရဲ့ နေ့တစ်နေ့မှာ လေပူတွေကိုအန်တုပြီး ယိမ်းနွဲ့ကနေကြတဲ့ နွေစပါးခင်းကြီးရဲ့ မြင်ကွင်းကလည်း ကြည့်မဝစရာပါ။

ဆောင်ရွက်

“လက်ရှိ နွေစပါးရာသီမှာ F_1 စပ်မျိုးစပါးဧက ၁၀၀ စိုက်ပျိုးထားပါတယ်၊ မိုးစပါးရာသီမှာတော့ F_1 စပ်မျိုး မိုးစပါးဧက ၅၀၀ အနည်းဆုံး စိုက်ဖို့ ဆောင်ရွက်နေပါတယ်။ စပ်မျိုးစပါးကို အခုမှ စိုက်တာမဟုတ်ပါဘူး၊ ၂၀၀၀ပြည့်နှစ်ကျော်ကတည်းက မှုဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့တွေမှာ စိုက်ခဲ့ဖူးပါတယ်။

လက်ရှိမှာ F_1 စပ်မျိုးစပါးရဲ့ မျိုးကို ကိုယ်တိုင်ထုတ်လုပ်နိုင်ပါပြီ၊ တောင်သူတွေလိုအပ်ရင် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ပြန်လည်ဖြန့်ဝေပေးသွားပါမယ်၊ နည်းပညာပိုင်းကိုလည်း ဆင့်ပွားမျှဝေသွားပါမယ်၊ ရည်ရွယ်ချက်ကတော့ ဘဝတူ တောင်သူတွေ ဝင်ငွေပိုမိုတိုးတက်လာဖို့ပါ၊ နည်းနည်းစိုက်ပြီး များများအကျိုးအမြတ်ရမှာဖြစ်တဲ့အတွက် အချိန်ဆိုင်းဖို့ မသင့်ပါဘူး၊ တစ်ဧကအတွက် တင်း ၁၀၀ အထက် ထွက်ရှိရေးဆိုတာ လက်တစ်ကမ်းမှာပါ။”

ဖြန့်ဝေ

မှန်ပါတယ်၊ တောင်သူတွေကို ဝင်ငွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေမယ့် တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက်ရရှိစေဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ စိုက်ပျိုးရေးသုတေသနဌာနများမှာ စပ်မျိုးစပါးထုတ်လုပ်ရေးနဲ့ သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်ကို တောင်သူများထံ ဖြန့်ဝေ ပညာပေးမှုများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အနာဂတ်ပြည်မြန်မာရဲ့ လယ်ယာတစ်ခွင်လုံးမှာ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ဧကပန်းတိုင်အထွက်နှုန်း ပျမ်းမျှတင်း ၁၀၀ အထက် ထွက်ရှိလာရေးဟာ တကယ့် လက်တစ်ကမ်းမှာပါ၊ ထို့အတူ F_1 စပ်မျိုးစပါး မျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်တာနဲ့အမျှ တစ်ဧက တင်း ၂၀၀ အထက်ထွက်ရှိရေးဟာလည်း အလှမ်းမဝေးတော့ပါ။ ၄င်းကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှာရှိတဲ့ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်ရှိ စပ်မျိုးစပါးခင်းကြီးက လက်တွေ့ သက်သေပြလျက်ရှိပါကြောင်း ....။ ။

ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဇုန်(၁) နယ်မြေ အကွက်အမှတ်(၄)ရှိ F_1 စပ်မျိုးနွေစပါးစိုက်ခင်းကြီးမှ သီးသွတ်နေသော စပါးပင်များကို တွေ့ရစဉ်။

ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဇုန်(၁) နယ်မြေ အကွက်အမှတ်(၄)ရှိ F_1 စပ်မျိုးနွေစပါးစိုက်ခင်းကြီး၏ အောင်မြင်ဖြစ်ထွန်းမှုက အားရစရာ။

ရန်ကုန်တောင်ပိုင်းခရိုင် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍာပ်ပိတ်ပွဲနှင့် ဆုပေးပွဲကို သင်္ကြန်အတက်နေ့ ညနေက သန်လျင်မြို့ရှိ ဗဟိုမဏ္ဍာပ်၌ကျင်းပရာ ပါဝင်ဖျော်ဖြေကြသော ယိမ်းအဖွဲ့များအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၄)

အာရှမြို့တော်များ၏ စစ်တုရင်ပြိုင်ပွဲ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၁

၂၀၁၁ ခုနှစ် ဧပြီ ၂၁ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပမည့် အာရှမြို့တော်များ စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ခေါင်းဆောင်သော မြန်မာစစ်တုရင်အားကစားအဖွဲ့သည် ဧပြီ ၂၀ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာစစ်တုရင်အားကစားအဖွဲ့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာစစ်တုရင်အားကစားအဖွဲ့တွင် ဇော်ဦး(ကာကွယ်ရေး)၊ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)၊ ကျော်လင်းနိုင် (သစ်တော)၊ ညီညီလွင် (လယ်ယာ/ဆည်မြောင်း)၊ စည်သူ(လယ်ယာ/ဆည်မြောင်း)တို့ လိုက်ပါသွားကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

မိုးကောင်းမြို့နယ် နမ္မတီးဈေး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၁၀ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ကော့ကရိတ်မြို့မဈေး၌ လေ့ကျင့်

ကော့ကရိတ် ဧပြီ ၂၁

ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ကော့ကရိတ်မြို့နယ် မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ကားနှစ်စီး၊ ကော့ကရိတ်မြို့နယ် ကိုယ့်အားကိုယ်ကိုး မီးသတ်ကားတစ်စီး၊ ကျုံဒိုးမြို့ ကိုယ့်အားကိုယ်ကိုး မီးသတ်ကားတစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ကားတစ်စီး၊ သန္နေနှင့် အရန်မီးသတ်အင်အား ၁၀၀ဖြင့် ကော့ကရိတ်မြို့ မြို့မဈေးရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဧပြီ ၆ ရက်က ကျင်းပသည်။

ပါဝင်သရုပ်ပြ

အခမ်းအနားသို့ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများ၊ ရပ်မိရပ်ဖများ ပါဝင်သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီဆိုင်းလုံတို့က ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်၌ နှစ်ဦးဒါနအဖြစ် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဧပြီ ၂၁

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မြစ်ကြီးနား၊ ဖားကန့်နှင့် ကာမိုင်းမြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ စေတနာသွေးလှူရှင်များ၊ ရပ်ကွက်အသီးသီးမှ စေတနာသွေးလှူရှင်များနှင့် သံဃာတော်များက စုစုပေါင်းသွေးပုလင်း ၁၅၀အား နှစ်ဦးဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီဆိုင်းလုံ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြကာ ဆေးနှင့် အာဟာရများ ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီသို့ အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၅ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လွတ်လပ်ရေးပန်းခြံသာယာလှပရေးအတွက် ပေါင်းမြက်ရှင်းလင်း ခြင်း၊ ပန်းအလှပင်ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးရွာသွန်းမှုများ ၂၁-၄-၂၀၁၁

မြိတ်မြို့	၁ ဒသမ	၂၆ လက်မ
ကျောက်တော်မြို့	၀ ဒသမ	၆၃ လက်မ
လှိုင်ကော်မြို့	၀ ဒသမ	၆၃ လက်မ
ဟဲဟိုးမြို့	၀ ဒသမ	၅၉ လက်မ
တောင်ကြီးမြို့	၀ ဒသမ	၅၁ လက်မ
ပင်လောင်းမြို့	၀ ဒသမ	၃၉ လက်မ
ရမည်းသင်းမြို့	၀ ဒသမ	၃၁ လက်မ

မှုခင်းကျဆင်းရေးပညာပေးဟောပြော

ဝါးခယ်မ ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက်ရှိ ရွှေခယ်သီရိအားကစားခန်းမ၌ မတ် ၃၀ ရက် နံနက် ၁၀ နာရီက မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလှိုင်က ဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	**နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ**
၈း၁၅	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅	၇။	**ချစ်တတ်ကြရအောင်**
၈း၄၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၁၀	၃။	တေးဂီတအစီအစဉ်
၄း၂၀	၄။	အတီးပြိုင်ပွဲ
၄း၃၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၇။	နှောင်းခေတ်တေးပဒေသာ
၅း၀၅	၈။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၉။	**ရိုးသားဖြူစင်ကလေးတို့အသွင်**
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၆)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**လျှပ်တစ်ပြက်ဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၀)
	၁၉။	**သီချင်းချစ်သူ** (ခင်ဘုဏ်း)

✽ *ကျောဖုံးမှ*

ကိုယ်တိုင် ပါဝင်ပျိုးကြဲပေးခဲ့သည်။ ပေါင်စနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲမှု သက်သာစေသည့်အပြင် တစ်ဧကလျှင် မူလအထွက်နှုန်းထက် ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုထွက်ရှိနိုင်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၎င်းနည်းစနစ်အား လိုက်နာကျင့်သုံးခြင်းဖြင့် မျိုးစပါးသုံးစွဲမှု တင်းသန်းပေါင်းများစွာ သက်သာစေသည့်အပြင် နိုင်ငံတော်၏ စပါးထုတ်လုပ်မှုကို လျင်မြန်စွာ တိုးတက်လာစေမည်ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဗဟိုသင်တန်းကျောင်း၌ ပြုလုပ်သော လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်း အထူးသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သော သင်တန်းသည် နေပြည်တော်ခရိုင်အတွင်း ကျေးရွာများမှ တောင်သူလယ်သမား လူငယ်များအား ပထမဆုံးဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလ ၁၂ ပတ်ကြာမြင့်မည် ဖြစ်ကာ သင်တန်းသား ၄၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ရွှေတောင် ဝါသုတေသနနှင့်မျိုးသန့်ခြံသို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ငွေချည် (၆) ဝါကို တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိအောင် စံပြစိုက်ပျိုးထုတ်လုပ်ရန်၊ သုတေသနအဆင့်မှ တောင်သူများ လက်ဝယ်ရောက်ပို့၍ မျိုးကောင်းပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော ငွေချည်(၆)ဝါမျိုးများကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်ပေးရန် မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဝါနှင့်ပိုးချည်လုပ်ငန်းနှင့် တောင်သူတို့ ပူးပေါင်း၍ ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ မိုးကြိုစိုက်ပျိုးထားသော နှစ်ပတ်သားအရွယ် ၇၅၅ ဧက ငွေချည် (၆)ဝါ စိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းမှ ဒေါက်တာသင်းနိုင်ဦး ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်း ဝေဒနာရှင်ပြည်သူများအား အခမဲ့ကုသပေးကြစဉ်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ကုသပေး

နေပြည်တော် ဧပြီ ၂၁

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းမှ ဒေါက်တာသင်းနိုင်ဦး ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများသည် ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ အခြေပြု၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်း ဝေဒနာရှင်ပြည်သူများအား အခမဲ့ကုသပေးကြသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်များသည် သွားရောဂါဝေဒနာရှင်များအား ဦးစွာစမ်းသပ်စစ်ဆေးပေးကြပြီး ကုသရန်လိုအပ်သည့် ဝေဒနာရှင်များအား သွားဖာခြင်း၊ သွားနုတ်ခြင်းနှင့် သွားဆေးထည့်ခြင်းများ ကုသဆောင်ရွက်ပေးကြသည်။

ယနေ့ကုသမှုတွင် ဝဲကြီးကျေးရွာအုပ်စုနှင့် ပုဇွန်ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းကုန်း၊ ကျောက်ခွက်၊ သရက်ပင်၊ အင်းတိမ်၊ ကန်စွန်းအင်၊ ကန်သာ၊ သူဌေးကုန်း၊ သံပုရာကန်နှင့် ကျွန်းတောကျေးရွာတို့မှ သွားနှင့်ခံတွင်း ဝေဒနာရှင်စုစုပေါင်း ၃၅၀ တို့အား အခမဲ့ စမ်းသပ်ကုသပေးခဲ့ကြသည့်အပြင် သွားနုတ်ပြီး သွားအသစ်ပြန်စိုက်လိုသူများကိုလည်း သတ်မှတ်ရက်ချိန်းပေး၍ အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းမှ ဒေါက်တာသင်းနိုင်ဦး ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်း ဝေဒနာရှင်ပြည်သူများအား အခမဲ့ကုသပေးကြစဉ်။ (သတင်းစဉ်)

မြစပယ်လမ်း ပါရမီ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ သူရဦးထွန်းတင်၊ ဇနီး ဒေါ်မြင့်မြင့်သိန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် ပူဇော်ထားရှိမည့် ဘုရားဆင်းတုတော်နှင့် ပလ္လင်တော်တို့အတွက် အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၊ နာယက ဦးမောင်တင့်နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့ လက်ခံကြစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ကော့ပရံ-ညောင်ဝိုင်း တံတား မုဒုံမြို့နယ်၌ တည်ဆောက်

နေပြည်တော် ဧပြီ ၂၁

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် ဇရိယာ ၅၁ ဒသမ ၈၁ ဧကရှိ မြေကွက်၌ Asia World ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်သစ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဘဲရမ်းစံပြကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဝန်ကြီးချုပ်က ဘဲရမ်းအဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေးနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာလူထု ပူးပေါင်း၍ ငွေကျပ်သိန်း ၆၆၀ အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် အရှည် ၁၀၅ ပေ၊ အကျယ် ၁၅ ပေရှိ ကော့ပရံ-ကတုံးပေါ်-ဘလောက် - ညောင်ဝိုင်းတံတား တည်ဆောက်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် မုဒုံမြို့နယ် ကန်ကြီးအတွင်း ငွေကျပ်သိန်းပေါင်း ၂၁၈ သိန်း အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် အလျား ၂၂ပေခွဲ၊ အနံ ၂၂ပေခွဲ၊ အမြင့် ၁၈ ပေရှိ နှစ်ထပ်ရေပေါ်နားနေဆောင် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၇။ **အဖြူရောင်အန္တရာယ်** (ပညာပေးဇာတ်လမ်းတို)
- ၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၁၀။ အိုင်စီတီသုတ
- ၅:၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
- ၅:၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၇)
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၇။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၁၄)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက် (၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ စိုက်ပျိုးသုတ
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာတ်ကားကဏ္ဍ
- ၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၆)
- ၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်

သင့်အတွက် ရာသီဥတု

တင်ငွေ (မိုး/ဇလ)

ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များသည် သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုများနှင့် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေသယံဇာတ စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် အခြားအရေးပါသော လူမှုစီးပွားဆိုင်ရာနယ်ပယ်များအတွက် မူဝါဒချမှတ်ခြင်း၊ စီမံချက်များ ရေးဆွဲချမှတ်ခြင်းများအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ ရာသီဥတုနှင့်ပတ်သက်သော နှီးနှောဖလှယ်ပွဲတွင် ရာသီဥတုလုပ်ငန်းများ စွမ်းဆောင်မှုမြင့်မားရေးအတွက် အမျိုးသား မိုးလေဝသဌာနများက ဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့ပါသည်။

နိုင်ငံတကာ မိုးလေဝသဌာနများ၏ ရာသီဥတုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုများကို ပိုမိုနားလည် အသုံးချနိုင်ရန်တို့အတွက် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ပထမအကြိမ်မြောက် ကမ္ဘာ့ရာသီဥတု နှီးနှောဖလှယ်ပွဲတွင် ကမ္ဘာ့ရာသီဥတု အစီအစဉ်တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။ သုတေသနပြုရေး၊ မှတ်တမ်းအချက်အလက်များ ကောက်ယူစုဆောင်းရေး၊ ရာသီဥတုလုပ်ငန်းများအသုံးချခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် များစွာ အသုံးဝင်ပါသည်။

ကမ္ဘာ့ရာသီဥတု စောင့်ကြည့်ရေးအစီအစဉ်

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ကမ္ဘာတစ်ဝန်း ရာသီဥတုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရာသီဥတုခန့်မှန်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ရာသီဥတု အချက်အလက်များ စောင့်ကြည့်ရေးအစီအစဉ် (World Climate Data and Monitoring Programme-WCDMP)၊ ကမ္ဘာ့ရာသီဥတုအသုံးချခြင်းနှင့် ဝန်ဆောင်မှုများဆိုင်ရာ အစီအစဉ် (World Climate Applications and Services Programme-WCASP)၊ ကမ္ဘာ့ရာသီဥတုသုတေသနအစီအစဉ် (World Climate Research Programme-WCRP)၊ ကမ္ဘာ့ရာသီဥတုသက်ရောက်မှုများနှင့် တုံ့ပြန်မှုအတွက် မူဝါဒများဆိုင်ရာ အစီအစဉ် (World Climate Impacts and Response Strategies Programme) တို့ဟူ၍ ဖွဲ့စည်းထားပါသည်။ အဆိုပါ အစီအစဉ်များသည် ကမ္ဘာ့ရာသီဥတုစနစ်တစ်ခုလုံး၏ ရာသီဥတုမှတ်တမ်းများကို စနစ်တကျ စုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်းအတွက်လည်းကောင်း၊ လူသားတို့ ပယောဂကြောင့်ဖြစ်သော သိသာထင်ရှားသည့် ရာသီဥတုပြောင်းလဲမှုများ အပါအဝင် လူမှုအဖွဲ့အစည်း အကျိုးဖြစ်ထွန်းစေရေးအတွက် ရာသီဥတုအချက်အလက်များ ဝန်ဆောင်ပေးရန်အတွက် ရာသီဥတုအချက်အလက်များ ထိရောက်စွာ အသုံးချမှုမြင့်တင်နိုင်ရေးအတွက်သော်လည်းကောင်း၊ လူမှုစီးပွားဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စေသည့် ရာသီဥတုပြောင်းလဲမှုများကို အကဲဖြတ်စောင့်ကြည့်မည့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများစွာ ပါဝင်ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ရာသီဥတု သက်ရောက်မှုများအပေါ် အကဲဖြတ်ခြင်းနှင့် တုံ့ပြန်မှုဆိုင်ရာ မဟာဗျူဟာ အစီအစဉ်များ (World Climate Impacts Assessment and Response Strategies Programme) ဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာမြေပူနွေးလာမှုနှင့်အတူ ပုံမှန်ထက်လွန်ကဲသော အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကြောင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာခဲ့ရာ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ပိုမိုထိခိုက်သည်ကို သိမြင်တွေ့ရှိနိုင်ပါသည်။ အပူချိန်တိုးလာမှုအား လျော့နည်းစေရန် ဦးတည်ချက်များချမှတ်ပြီး ၂၀၁၂ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၁၉၉၀ ခုနှစ် ကာဗွန်ထုတ်လွှတ်မှုအဆင့်၏ ငါးရာခိုင်နှုန်းလျှော့ချရန် သဘောတူထားကြပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအလိုက်လိုက်လျောညီထွေ ပြုပြင်ဆောင်ရွက်ရေးအစီအစဉ်များ ရေးဆွဲချမှတ်ခြင်း၊ ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများကို လျော့နည်းစေရေးနှင့် ထိန်းချုပ်ရေးနည်းလမ်းချမှတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ရာသီဥတုလုပ်ငန်းများ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရာသီဥတုခန့်မှန်းရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲလာခြင်းအတွက် လိုက်လျောညီထွေပြုမှုခြင်းဆိုင်ရာ စီမံချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေပါသည်။ ထူးခြားသော မိုးလေဝသအခြေအနေများတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မိုးလေဝသတိုင်းထွာရေးစခန်းများမှ ပေးပို့သောအပူချိန်၊ မိုးရေချိန်များအား ရာသီဥတုမှတ်တမ်းများဖြင့် စိစစ်၍ စံချိန်တင်အပူချိန်၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးရေချိန်များဖြစ်ပါက အများပြည်သူသိရှိနိုင်ရန် နေ့စဉ် မိုးလေဝသသတင်းများတွင် ထုတ်ပြန်ဖော်ပြပေးလျက်ရှိပါသည်။

ရာသီဥတုဆိုင်ရာ ခန့်မှန်းချက်များအနေဖြင့် နှစ်စဉ် ဧပြီလ ၂၈ ရက်နေ့တွင် မိုးရာသီကာလ၊ မုတ်သုံလေဝင်ရောက်မှု၊ ဆုတ်ခွာမှု၊ မုန်တိုင်းဖြစ်ပေါ်နိုင်မည့်အခြေအနေ၊ မုတ်သုံလေအင်အားအခြေအနေ၊ မိုးရွာသွန်းနိုင်မှု အခြေအနေများ၊ မြစ်ကြီးများအလိုက် မြစ်ရေကြီးနိုင်မည့် ခန့်မှန်းချက်များ ထုတ်ပြန်ပါသည်။ ဇွန်လ ၂၈ ရက်နေ့တွင် မိုးလယ်ကာလမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကိုလည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကိုလည်းကောင်း ထုတ်ပြန်ပေးပါသည်။

၂၀၁၀ ခုနှစ် ဧပြီလ၊ ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလများတွင် နေ့အပူချိန်တိုးလာနိုင်မှု၊ ညအပူချိန်များ လျော့နည်းနိုင်မှုများအတွက် သုံးရက်မှ ငါးရက်အထိ ကြိုတင်၍ သတင်းထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။ လွန်ခဲ့သော နှစ် ၅၀ ခန့်မှစ၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မိုးလေဝသတိုင်းထွာရေးစခန်းများ၏ ၁၀ စုနှစ်အလိုက် ရာသီဥတု အချက်အလက်များပြုစုခြင်း၊ ငါးရက်ပတ်၊ ၁၀ ရက်ပတ်၊ လပတ် ပျမ်းမျှမိုးရေချိန်များ စခန်းအလိုက် ပြုစုထားနိုင်ခဲ့ခြင်း၊ ရာသီဥတုအချက်အလက်များအား နိုင်ငံတော်စီမံကိန်းများသို့ ပံ့ပိုးပေးခြင်း၊ သုတေသနလုပ်ငန်းများအတွက် ပြုစုပေးခြင်းနှင့် မှတ်တမ်းအချက်အလက်များကို ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ရာသီဥတုသုတေသနလုပ်ငန်းများ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ရာသီဥတုပြောင်းလဲလာမှုကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် ရာသီဥတုသုတေသနဌာနစုတစ်ခု တိုးချဲ့လျက် မြန်မာနိုင်ငံ၏ ရာသီဥတု ပြောင်းလဲမှုများ၊ အနောက်တောင်မုတ်သုံလေနှင့် မုတ်သုံမိုးစရိုက်လက္ခဏာ ပြောင်းလဲလာမှုများ၊ ရာသီအလိုက် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေများ၊ အယ်နီညို၊ လာနီညာနှင့် မြန်မာ့မုတ်သုံရာသီဥတု သက်ရောက်မှုများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ စံနှုန်း၊ သတ်မှတ်ချက်များအတိုင်း ၂၀၂၀ ခုနှစ်မှ ၂၀၅၀ ခုနှစ်အထိ ဖြစ်ပေါ်နိုင်မည့် မြန်မာ့ရာသီဥတုအခြေအနေများကို မှန်းဆဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းလျက် သတင်းအချက်အလက်များ၊ ခေတ်မီနည်းပညာများ ဖလှယ်ရရှိနိုင်ရေး ဆောင်ရွက်နေရာတွင် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ဇလဗေဒနှင့် ရေအရင်းအမြစ်ဆိုင်ရာ သုတေသနပြုချက်များကို ပိုမိုသိရှိလာခြင်း၊ စိုက်ပျိုးသီးနှံများအတွက် ရေလိုအပ်မှုအတွက် မိုးလေဝသမှတ်တမ်းများကိုအသုံးပြု၍ တွက်ချက်မှု၊ မိုးလေဝသနှင့် ရာသီဥတုအခြေအနေများကြောင့် သီးနှံအထွက်တိုးမှု/လျော့မှု သိသိသာသာရှိကြောင်း၊ ပြောင်းလဲနေသော ရာသီဥတုကို ခံနိုင်ရည်ရှိသော အစားထိုးပြောင်းလဲမှုများ တည်ဆောက်ပေးခြင်း၊ ကာဗွန်သုံးစွဲမှု ပမာဏနည်းသော အဖွဲ့အစည်းသို့ ကူးပြောင်းမှုလွယ်ကူစေခြင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သိပ္ပံနည်းပညာများအား နားလည်မှုတိုးတက်လာစေခြင်း၊ အသိပညာပေးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်ပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်သွားရန်၊ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော ကာဗွန်ထုတ်လုပ်မှုများပြားလာခြင်း၊ လူဦးရေ တိုးတက်လာမှုအလိုက် ကာဗွန်သုံးစွဲမှု များပြားလာခြင်းကို ထိန်းချုပ်နိုင်မည့် စီမံခန့်ခွဲမည့် နည်းလမ်းများ ချမှတ်ခြင်း၊ နေ၊ လေ၊ ရေ၊ ဇီဝလောင်စာများ သုံးစွဲမှုစီမံချက်များချမှတ်ဆောင်ရွက်မည့် အစီအမံများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လူသားအားလုံး သတိပြုစောင့်ကြည့်၍ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစိုးရအဖွဲ့၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များ၊ သိပ္ပံပညာရှင်များ၊ သက်ဆိုင်ရာလုပ်ငန်းဌာနများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ ကျိုတိုသဘောတူညီချက်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များအရ နိုင်ငံအလိုက် ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရေး ဆောင်ရွက်မည့် အစီအစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်သွားရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာမည့် ထိခိုက်မှုများကို လျော့ပါးစေရန်အတွက် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းများ ပိုမိုလုပ်ဆောင်ကြရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တည်ငြိမ်နေစေရန်အတွက် အစားထိုးစွမ်းအင်များဖြစ်သည့် နေ၊ လေစွမ်းအင်များ တိုးမြှင့်ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတု ပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးနှင့် နည်းပညာလက်ဆင့်ကမ်းပေးရေးအတွက် စီမံချက်ချဆောင်ရွက်ရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ ဝင်ရိုးစွန်းရေခဲတောင်များ အရည်ပျော်လာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့ကြောင့် လူသားတို့၏ အသက်ရှင်နေထိုင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်လာစေနိုင်သည့်အတွက် ပညာပေးရေးနှင့် နည်းပညာပိုင်းတိုးတက်စေရေးအတွက် ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

လူတိုင်း၊ လူတိုင်းမှသည် နိုင်ငံတိုင်း၊ နိုင်ငံတိုင်း ပူးပေါင်းလက်တွဲပြီး ပြောင်းလဲဖောက်ပြန်လာနေသည့် ကမ္ဘာ့ရာသီဥတုကြီးကို အစွန်းရောက် ရာသီဥတုကြီးမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြမည်ဆိုပါက အမျိုးသား မိုးလေဝသနှင့် ဇလဗေဒဌာနများအနေဖြင့် ယနေ့ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်သည့် စိန်ခေါ်မှုတွေကို အောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းသွားနိုင်မည်ဟု ယုံကြည်ပါသည်။ ထို့ပြင် အိမ်ထောင်စုတစ်စုချင်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြောင်းလဲလာမည့် မိုးလေဝသရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေ ပြုမူနေထိုင်စေရန် စီမံခန့်ခွဲခြင်းဖြင့် ပြောင်းလဲလာသော ကျွန်ုပ်တို့၏ အနာဂတ်ရာသီဥတုစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရာတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အထက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၂ ရက်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်နေသော တာလေငလျင်ဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ မောင်ယဉ်ကျေး(တာချီလိတ်)

နေပြည်တော် ဧပြီ ၂၁

မတ် ၂၄ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွယ်မွေကိုဗဟိုပြုပြီး ရစ်ချ်တာစကေး ၇ အဆင့်ရှိ ငလျင်ကြီးလှုပ်ခဲ့သည်။ အပျက်အစီး အများဆုံးကား တာချီလိတ်မြို့နယ်ရှိ တာလေမြို့ဝန်းကျင် ဖြစ်သည်။

ငလျင်လှုပ်ပြီး မကြာမီပင် သက်ဆိုင်ရာ တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်ရာဒေသသို့ ရောက်ရှိလာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင်များက ငလျင်ဒဏ်ခံ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းထောက်ပံ့ခဲ့ကြသည်။

ယခုအခါ ငလျင်ဒဏ်သင့် ဒေသဝန်းကျင်၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဦးဆောင်သော အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများနှင့် စေတနာရှင်များပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်သည်။

ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ကျကူနီကျေးရွာအား ရပ်ရွာလူထု၏ လိုလားချက်အရ လက်ရှိနေရာမှ နေရာသစ်သို့ ပြောင်းရွှေ့စီမံပေးခဲ့သည်။ ရွာသစ်တည်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက စနစ်တကျ အကွက်ချကာ စာသင်ကျောင်း၊ ကစားကွင်း၊ ဘုရား ရှိခိုးကျောင်း စသည်တို့ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေး စီမံပေးခဲ့သည်။ ယခုအခါ အဆိုပါရွာသစ်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြေထိုးစက်ဖြင့် လမ်းကြောင်းဖော်ပေးပြီး ရပ်ရွာအတွင်း လမ်းများ ဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်လျက်ရှိ

ထို့အပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြိုပျက်သွားသော တာလေမြို့ ပြည်သူ့ဆေးရုံကို အသစ်ပြန်လည်တည်ဆောက်ဆဲကာလတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၇၀ တန် ယာယီဆေးရုံ တစ်ရုံ တည်ဆောက်ပေးလျက်ရှိသည်။ အလားတူ ပျက်စီးခဲ့ရသည့် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းကိုလည်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရေးအတွက် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ရှိန်အနီးကပ်ကြီးကြပ်လျက် အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည်။

တာလေဒေသ၌ ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း နိုင်ငံအချို့နှင့် စေတနာရှင် ပြည်သူများကလည်း လှူဒါန်းလျက်ရှိရာ တဖွဲဖွဲနှင့်မစဲဘဲ ရှိခဲ့သည်။

အလားတူ ကမ္ဘာ့နိုင်ငံအချို့နှင့် နိုင်ငံတကာ အဖွဲ့အစည်း အချို့ကလည်း အလှူငွေများ လှူဒါန်းခဲ့ကြသည်။

တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရေးအတွက် ဤသို့ ပြန်လည်တည်ဆောက်လျက်ရှိသည်။

တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ ဦးဆောင်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်များ ဧပြီ ၅ရက်က ကျကူနီကျေးရွာမှ မြေငလျင်ဒဏ်သင့် ပြည်သူများအား အစားအစာနှင့် ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြစဉ်။

အလှူငွေပေးအပ်

ဧပြီ ၁၂ ရက်နေ့ကမှ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့၌ လှုပ်ခဲ့သည့် ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မိုင်းလင်း(အနောက်) ကျေးရွာအုပ်စု မအန်ခန် ဘုန်းတော်ကြီးကျောင်းရှိ ကယ်ဆယ်ရေးစခန်း၌ ကျင်းပရာ အခမ်းအနားတွင် သီတဂူဆရာတော်ကြီးက ငွေကျပ် ၆၅သိန်း၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး) ရန်ကုန်က ငွေကျပ် သိန်း၃၀၀၊ ဦးမျိုးမြင့်-ဒေါက်တာမြင့်မြင့်သိန်း မိသားစု (ပဲခူး)က ငွေကျပ်သိန်း၅၀၊ ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး (အာရုံတော်ဝင်)ရန်ကုန်က ငွေကျပ်သိန်း၁၀၀၊ ဦးတင်ဦး-ဒေါ်လှမြင့်(ရွှေစင်မိသားစု) က ငွေကျပ် သိန်း ၅၀၊ ဦးဝေလွင် (ဆိုနီမိသားစု)က ငွေကျပ် သိန်း ၁၀၀၊ ဒေါ်ရွှေဥ(ရွှေဥရာစုသစ်) ရန်ကုန်က ငွေကျပ် သိန်း ၁၀၀၊ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် (Ever Winner) ကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၀၊ ဦးသန်းလွင်-ဒေါ်ခင်သိန်း ရန်ကုန်က ငွေကျပ် သိန်း၁၀၀၊ ဒေါ်ညွှန့်ညွှန့်အေး (မန္တလေး သီတဂူကျောင်းအမ)က ငွေကျပ် သိန်း ၁၀၀၊ ကိုကျော်ကျော်-မချိုလွင် ရန်ကုန်က ငွေကျပ် သိန်း ၁၀၀၊ ဦးစိုးသိန်း-ဒေါ်ဆင်နု (ရွှေနဒီမိသားစု)က ငွေကျပ် သိန်း ၃၀၊ ဦးစိုးဦး-ဒေါ်စန်းစန်းရွှေ(ဂမုန်းပွင့်)မိသားစုက ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် သိန်း ၂၁၀၀ လှူဒါန်းကြပြီး ယင်းအလှူငွေများကို ပျက်စီးမှုအများဆုံးကျောင်းရှစ်ကျောင်းအတွက် ငွေကျပ် သိန်း ၁၅၀စီ၊ ဒုတိယပျက်စီးမှု အများဆုံး ကျောင်း ရှစ်ကျောင်းအတွက် ငွေကျပ် ၇၅သိန်းစီနှင့် အနည်းငယ်ပျက်စီးသော ကျောင်းငါးကျောင်းအတွက် ငွေကျပ် သိန်း ၆၀စီ ခွဲဝေလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ထုတ်ပေးခဲ့

အလားတူ ဧပြီ ၁၄ ရက်က တာလေမြို့ ငလျင်လှုပ်ရာတွင် မိုင်းလင်း(အနောက်) ကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီးပျောက်ဆုံးသူ ၆၅ဦးအား မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု မအန်ခန် ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများကို တစ်ဦးချင်းထုတ်ပေးပြီး အိမ်ထောင်စု လူဦးရေစာရင်းပုံစံများကိုလည်း အသစ်ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

ယခုအခါ ငလျင်ဒဏ်ခံဒေသနှင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ ဒေသခံပြည်သူများ ပူးပေါင်းမှုဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း စာရေးသူ တာလေဒေသသို့ ရောက်ရှိစဉ် မျက်မြင်တွေ့ရှိသမျှကို မှတ်တမ်းဓာတ်ပုံများနှင့်အတူ တင်ပြရေးသားလိုက်ရပါကြောင်း။ ။

တာလေမြို့ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု ဆောင်ရွက်လျက်ရှိစဉ်။

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ပရိသတ်အကြိုက် အလန်းဇယား ရုံဝင်လာ နိုင်ငံခြားဇာတ်ကားသစ် THE MECHANIC ပြသ

ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဩရသတို့ ရိုက်ကူးထားသော အလန်းဇယားဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရန်ကုန် ဧပြီ ၂၁

ယခုသီတင်းပတ် သောကြာ ဧပြီ ၂၂ ရက်၌ ပရိသတ်အကြိုက် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **အလန်းဇယား** သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရုံဝင်လာသည်။

ပါဝင်

ဝတ္ထုအကြည်တော်၊ ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဩရသတို့ ရိုက်ကူးထားပြီး သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ မယ်လိုဒီ၊ နန်းဆုရတီစိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့်ဇာတ်လမ်းကို ပရိသတ် လန်းသွားစေအောင် ဟာသနှော စီစဉ်ရိုက်ကူးထားခြင်းဖြစ်သည်။

ဆွဲဆောင်မှုအပြည့်

လူငယ်တို့ သဘာဝ အချစ်ပြဿနာနှင့် ရယ်မောစရာများ ပါဝင်လျက် ဇာတ်ဝင်ခန်းတိုင်း ဆွဲဆောင်မှုအပြည့်ဖြင့် ကြည့်ရှုခံစားရမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ပြသ

တစ်ဖန် ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ SIMON WEST ရိုက်ကူးထားသည့် **THE MECHANIC** အမည်ရှိ အက်ရှင်ဇာတ်ကား ရုံဝင်ပြီး နေပြည်တော်ရုံတွင် **DRIVE ANGRY** ဇာတ်ကား ပြသနေပါကြောင်း ရုပ်ရှင်သတင်း အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ကျိုက်မရောမြို့ သာယာလှပရေး ဆောင်ရွက်

ကျိုက်မရော ဧပြီ ၂၁

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဧပြီ ၁၈ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြင့်မောင်စိုး - စုစည်းတင်ပြသည်

ဂရမ်မီဆုရ အဆိုတော်အဲလ်တန်ဂျွန် ဂီတလောကသို့ ပြန်လာမည်

လက်စ်ဗီးဂတ်စ် ဧပြီ ၂၁

အဆိုတော် အဲလ်တန်ဂျွန်သည် သုံးနှစ်ကြာ ဂီတလောကနှင့် အဆက်အသွယ်ပြတ်တောက်သွားရာမှ ဆည်းဆာနန်းတော်၌ ကျင်းပမည့် ဂီတဖျော်ဖြေပွဲသို့ ပြန်လာမည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂရမ်မီဆုငါးဆုရထားသည့် ကမ္ဘာကျော်အဆိုတော် အဲလ်တန်ဂျွန် **(အောက်ပုံ)**သည် လာမည့်စက်တင်ဘာလတွင် လက်စ်ဗီးဂတ်စ်မြို့၌ ဖျော်ဖြေတင်ဆက်မည့် အဆိုပါ ဂီတဖျော်ဖြေပွဲသို့ပြန်လာပြီး သီဆိုမည်ဖြစ်ကြောင်း သိရသည်။ အဆိုတော် အဲလ်တန်ဂျွန်သည် Million Dollar Piano တေးအယ်လ်ဘမ်သစ် ထုတ်လုပ်မှုနှင့်အတူ ပြန်လာမည်ဖြစ်သည်။ ယင်းတေးဂီတဖျော်ဖြေပွဲအတွက် လက်မှတ်များကို ဧပြီ ၂၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။

၎င်းသည် ၂၀၀၉ ခုနှစ် ဧပြီလက ကျင်းပသော ဆည်းဆာနန်းတော်ဖျော်ဖြေပွဲတွင် **The Red Piano** တေးအယ်လ်ဘမ်နှင့်အတူ ပထမဆုံးအကြိမ် သီဆိုခဲ့သည်။ ဂျွန်သည် ၁၉၉၉ ခုနှစ်မှစပြီး ရော့ခ်သီချင်းများနှင့်အတူ လူသိများ ကျော်ကြားလာခဲ့သည့် အဆိုတော်ဖြစ်သည်။ **(အင်တာနက်)**

[illegible]

နယူးယောက် ဧပြီ ၂၁

ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင် ကွယ်လွန်ခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်သော်လည်း သူ၏ဂီတနှင့်အကမှာ ကမ္ဘာ့ပရိသတ်များအကြား ရေပန်းစားနေဆဲဖြစ်သည်။ သူ့ကို အမေရိကန်နိုင်ငံ အင်ဒီယာနာပြည်နယ် ဂါရီမြို့၌ ၁၉၅၈ခုနှစ် ဩဂုတ် ၂၉ရက်က မွေးဖွားခဲ့သည်။

မှတ်တမ်းတင်

သူသည် ၂၀၀၉ခုနှစ် ဇွန် ၂၅ ရက်က လော့စ်အိန်ဂျလိစ်မြို့၌ အသက် ၅၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။ မိုက်ကယ်ဂျက်ဆင်သည် R & B ၊ပေါ့ပ်၊ရော့ခ်၊ ဒစ္စကို၊ ဘရိတ်ဒန့်စ်အကများဖြင့် ဂီတလောကကို ဆန်းသစ်စေခဲ့သူ ဖြစ်သည်။ မိုက်ကယ်ဂျက်ဆင်သည် တေးရေးဆရာ၊ တေးထုတ်လုပ်သူ၊ဂီတပညာရှင်၊သရုပ်ဆောင်၊ စီးပွားရေးသမားစသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့်ပင် မိုက်ကယ်ဂျက်ဆင်အား ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်ကြီးကကမ္ဘာ့ဂီတသမိုင်းမှတ်တမ်းတစ်လျှောက် အအောင်မြင်ဆုံး အဆိုတော်အဖြစ် မှတ်တမ်းတင်ထားသည်။ မိုက်ကယ်ဂျက်ဆင်၏ ရောင်းအားအကောင်းဆုံး အခွေမှာ ၁၉၈၂ခုနှစ်က ထုတ်လုပ်သည့် *Thriller* ဖြစ်သည်။

ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်။

ဖြစ်လာ

ထို့အပြင် အခြားရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်များမှာ*Off the wall*(၁၉၇၉ခုနှစ်)၊ *Bad* (၁၉၈၇ခုနှစ်)၊ *Dangerous* (၁၉၉၁ခုနှစ်)တို့ ဖြစ်သည်။ မိုက်ကယ်ဂျက်ဆင်သည် ၁၉၈၀ လွန်နှစ်များမှစပြီး ကမ္ဘာတွင် လူကြိုက်အများဆုံး အဆိုတော်ဖြစ်လာခဲ့သည်။

ရှိနေဆဲ

မိုက်ကယ်ဂျက်ဆင်၏ မိသားစုအနေဖြင့် မိုက်ကယ်ဂျက်ဆင်ကွယ်လွန်ခဲ့သော်လည်း မိုက်ကယ်ဂျက်ဆင်တေးသီချင်းထုတ်လုပ်မှုမှလည်းကောင်း၊ ၎င်း၏ ဓာတ်ပုံများကို ကုန်ပစ္စည်းကြော်ငြာရာမှလည်းကောင်းဝင်ငွေများ ရရှိနေဆဲဖြစ်သည်။

လူကြိုက်များ

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်သည် ဂီတလောကတွင် သူမတူအောင် အောင်မြင်ကျော်ကြားခဲ့သည့် အဆိုတော်ဖြစ်ခဲ့ခြင်းကြောင့် ယနေ့ပရိသတ်များအကြား လူပင်သေသော်လည်းနာမည်မသေဘဲ လူကြိုက်များနေဆဲဖြစ်ပါကြောင်း။ **(အင်တာနက်)**

အဆိုတော် လေဒီဂါဂါ တေးအယ်လ်ဘမ်သစ် ထွက်ပြီ

နယူးယောက် ဧပြီ ၂၁

ပေါ့ပ်အဆိုတော်လေဒီဂါဂါ၏ တေးအယ်လ်ဘမ်အသစ်ဖြစ်သည့် *"Born This Way"*ကို ဧပြီ ၂၀ရက် နံနက်ပိုင်းက နယူးယောက်မြို့၌ ထုတ်ဝေလိုက်ပြီဖြစ်သည်။

လှူဒါန်း

အဆိုပါ တေးအယ်လ်ဘမ်တွင် တေးရေးဆရာ ရန်ကိုဗစ်က သီချင်းအများစုကို ရေးသားပေးခဲ့ခြင်း ဖြစ်သည်။ အဆိုတော် လေဒီဂါဂါ (အောက်ပုံ)နှင့် ၎င်း၏တေးရေးဆရာတို့သည် ယင်းအခွေထုတ်လုပ်မှုအတွက် အမြတ်အစွန်းများကို လူမှုရေးအဖွဲ့အစည်း တစ်ခုသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘောလိဝုဒ်၌ အကျော်ကြားဆုံး ငွေကြယ်ပွင့် ကာတရီနာ၏ ဘဝပုံရိပ်

ဟောလိဝုဒ်နှင့်အပြိုင် အိန္ဒိယနိုင်ငံဘောလိဝုဒ်မှ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်များ ထွက်ပေါ်လျက်ရှိသည်။ ဘောလိဝုဒ်တွင် ၂၀၁၁ ခုနှစ်၌အကျော်ကြားဆုံးနှင့်အောင်မြင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင် ၁၀ ဦးအနက် ထိပ်ဆုံး၌ ရပ်တည်နေသူမှာ ကာတရီနာကာ့ဖ်ဖြစ်သည်။

မွေးဖွား

ကာတရီနာကို ၁၉၈၄ ခုနှစ် ဇူလိုင် ၁၆ ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်းရှစ်ဦးရှိပြီး အားလုံး မိန်းကလေးများချည်းဖြစ်ရာ ထူးခြားချက်ပင်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ အိန္ဒိယနိုင်ငံသားဖြစ်ပြီး မိခင်မှာ ဗြိတိန်နိုင်ငံသူဖြစ်ရာ ကာတရီနာ (ယာပုံ)မှာ ကပြားတစ်ဦးဖြစ်၍ ချောမောလှပခြင်းလည်းဖြစ်သည်။

စတင်

ကိတ်ဟု ချစ်စနိုးခေါ်ဝေါ်ကြသည့် ကာတရီနာသည် အသက် ၁၄ နှစ်အရွယ်မှစတင်ကာမော်ဒယ်အဖြစ် အနုပညာအလုပ်စတင်ခဲ့သူဖြစ်သည်။ လန်ဒန်မြို့တွင်မော်ဒယ်အဖြစ်ရှိုးပွဲများ စွာဆင်နွှဲရင်း အိန္ဒိယနိုင်ငံမှ နာမည်ကျော် ဘောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်ရေးဖြစ်သည့် ကိုင်ဇတ်ဂုစ်တတ်က Boom အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန်ကမ်းလှမ်းခဲ့ရာမှ သရုပ်ဆောင်အဖြစ် စတင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်၎င်းရုပ်ရှင်ဇာတ်ကားမှာ အောင်မြင်မှု မရရှိခဲ့သော်လည်း ကာတရီနာကို ပရိသတ်များနှစ်ခြိုက်ခဲ့သည်။ အင်္ဂလိပ်စကားနှင့် အိန္ဒိယစကားကို

*ပြောဆိုတတ်သည့်အတွက် ရုပ်ရှင်ဇာတ်ကားများစွာ ပါဝင်ရိုက်ကူးခဲ့ရာ အကျော်ကြားဆုံး ရုပ်ရှင်ဇာတ်ကားများမှာ **De Dana Dan၊ Ajab Prem Ki Ghazab Kahani၊ Blue၊ New York၊ Singh is King၊ Yuvraaj Hello ၊ Race၊ Welcome၊ Nanhe Jaisalmer၊ Partner၊ Apne၊ Namastey London၊ Hum Ko Deewana Kar Gaye၊ Maine Pyar Kyun Kiya၊ Sarkar** တို့ဖြစ်ကြသည်။*

အထူးချွန်ဆုံး

၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်များတွင် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး ကမ္ဘာ့အမျိုးသမီး ၁၀၀တွင် နံပါတ်တစ်နေရာ၌ ရွေးချယ်ခံခဲ့ရသူလည်းဖြစ်သည်။ ထို့အပြင် ၂၀၁၀ ခုနှစ် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု၊ ၂၀၀၉ ခုနှစ်၏ တစ်နှစ်တာ ဂျီကျူ အမျိုးသမီးဆု၊ အာဂျေးတက် ရုပ်ရှင်မှ ၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု၊ ၂၀၀၉ ခုနှစ် ဘောလိဝုဒ်အထူးချွန်ဆုံးအမျိုးသမီးသရုပ်ဆောင်ဆုများရရှိခဲ့သူလည်း ဖြစ်သည်။

ငြင်းဆို

ကာတရီနာသည် အိမ်ထောင်မရှိ အပျိုဖြစ်သော်လည်း အမျိုးသားမိတ်ဆွေဖြစ်သူ ဆာလ်မင်ခန်းနှင့် တွဲနေသည်။ သို့သော် မီဒီယာသမားများနှင့်ဆုံတိုင်း သူမ၏ကိုယ်ရေးကိုယ်တာ အကြောင်းများကို ဖြေကြားရန် အမြဲငြင်းဆိုတတ်သူဖြစ်သည်။ အဝတ်အစားကို ဂရုတစိုက်ဝတ်ဆင်တတ်သူဖြစ်ပြီးအိန္ဒိယနိုင်ငံရှိနာမည်ကြီးဒီဇိုင်နာများဖြစ်သည့် ရေးနာဒါခါ၊ တာရန်တာဟီလီရာနီနှင့်ရော့ကီးအက်စ်တို့ဖြင့် တိုင်ပင်ကာ အဝတ်အစားချုပ်ပြီး ဝတ်ဆင်သူလည်း ဖြစ်သည်။

ရပ်တည်

လောလောဆယ်တွင် မလေးရှား ရုပ်ရှင်ဇာတ်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်ရန် အကလေ့ကျင့်မှုများ ပြုလုပ်နေပြီး ယခုအခါ ဘောလိဝုဒ်၌ အကျော်ကြားဆုံး အမျိုးသမီး သရုပ်ဆောင်နှင့် ဆွဲဆောင်မှုအရှိဆုံး အနုပညာရှင်တစ်ဦးအဖြစ် ရပ်တည်နေလျက်ရှိသည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ – စုစည်းတင်ပြသည်

[illegible]

လော့စ်အိန်ဂျလိစ် ဧပြီ ၂၁

အမေရိကန်နိုင်ငံ၏ နာမည်ကြီးသရုပ်ဆောင်နှင့် မော်ဒယ်တစ်ဦးဖြစ်သူ ဂျက်စီကာအယ်ဘာသည် လော့စ်အိန်ဂျလိစ်မြို့၌ ဧပြီ ၂၀ရက်က ကျင်းပသော နွေရာသီဝတ်စုံဒီဇိုင်းပြပွဲတွင် ပါဝင်ဆင်နွှဲကာ သူမ၏အမြဲတမ်း ဆန်းသစ်လှပနေသည့် ဝတ်စားဆင်ယင်မှုကို ပြသခဲ့သည်။

မနိမ့်မမြင့်ရှိသည့် ဒေါက်ဖိနပ်၊ ဆန်းသစ်သော စလင်းဘတ်၊ ပေါ့ပါးလွတ်လပ်သည့် ဝတ်စုံတို့ဖြင့် ဆွဲဆောင်မှုအပြည့်ရှိသော ဂျက်စီကာအယ်ဘာ၏ ပုံစံဒီဇိုင်းမှာ အမေရိကန်အမျိုးသမီးများအကြား စိတ်ဝင်စားဖွယ်ကောင်းအောင် ရေပန်းစားခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဂျက်စီကာအယ်ဘာ **(အောက်ဝဲပုံ)**သည် ကယ်လီဖိုးနီးယားပြည်နယ် ပိုမိုနာမြို့တွင် မွေးခဲ့သူဖြစ်သည်။ အသက် ၁၂နှစ်အရွယ်မှစတင်ကာ သရုပ်ဆောင်နှင့် မော်ဒယ်အလုပ်ကို စတင်လုပ်ဆောင်ကာ ရုပ်မြင်သံကြား ဇာတ်လမ်း **Beverly Hills** ၌ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၁၉၉၄ခုနှစ်၌ **Camp Nowhere** ရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့ရာမှ အောင်မြင်မှုစတင်ရရှိခဲ့သည်။ သူမသည် အိမ်ထောင်သည်တစ်ဦး ဖြစ်သည်။



ဂျက်စီကာအယ်ဘာသည် ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံသို့အနုပညာခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိနေပြီး တရုတ်နိုင်ငံမှရုပ်ရှင်အနုပညာရှင်များနှင့် တွေ့ဆုံကာတရုတ်နှင့်ပူးတွဲရုပ်ရှင်ရိုက်ကူးရေးအပါအဝင် အခြားအနုပညာကိစ္စများပူးတွဲလုပ်ကိုင်ရန် ဆွေးနွေးလျက်ရှိသည်။ မကြာမီတရုတ်နိုင်ငံမှ သရုပ်ဆောင်များနှင့်အတူ သူမ၏ ရုပ်ရှင်ဇာတ်ကားများ ထွက်ပေါ်လာတော့မည် ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား

အာကာဟိန်း – စုစည်းသည်

စပါးအသင်း တောင်အာဖရိကတွင် ချစ်ကြည်ရေးကစားမည်

ဂျိုဟန်နစ္စဘတ် မေ ၂၁

ပရီမီယာလိဂ်ကလပ် စပါး အသင်းသည် လာမည့် ဇူလိုင်လ တွင် တောင်အာဖရိကနိုင်ငံသို့ သွားရောက်ကာ ချစ်ကြည်ရေး ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်ကြောင်း စပါးကလပ်က မေ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ပြင်ဆင်ထား

တောင်အာဖရိကနိုင်ငံ၌ ပြည်တွင်းဘောလုံးအသင်းသုံးသင်းနှင့် ယှဉ်ပြိုင်ကစားရန်စီစဉ်ထားကြောင်း၊ ဇူလိုင် ၂၃ ရက် နောက်ဆုံးထားပြီး သွားရောက်ရန် ပြင်ဆင်ထားကြောင်း ၎င်းအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

သွားရောက်

စပါးအသင်းသည် ပြီးခဲ့သည့် လေးနှစ်ခန့်ကလည်း တောင်အာဖရိကနိုင်ငံသို့ ချစ်ကြည်ရေး ခြေစမ်းပွဲ သွားရောက်ကစားခဲ့ဖူးသည်။

(အင်တာနက်)

အီတာလီယာဖလား အကြိုဗိုလ်လုပွဲပထမအကျော့ အင်တာမီလန်နိုင်၊ အေစီမီလန်နှင့် ပါလာမိုတို့ သရေပွဲဖြစ်

ရောမ မေ ၂၁

အီတာလီယာဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲပထမအကျော့ပွဲစဉ်များကို မေ ၂၁ ရက်နံနက်က ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်နှင့် ပါလာမိုတို့ပွဲတွင် (၁-၁) နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ရိုးမားနှင့် အင်တာမီလန်တို့ပွဲတွင်မူ အင်တာမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

မသွင်းနိုင်ခဲ့

အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ဧည့်သည်ပါလာမိုအသင်းအပေါ် ကစားကွက်အသာစီးဖြင့် မကစားနိုင်ခဲ့ချေ။ အိမ်ကွင်း၌ ဂိုးပြတ်သွင်းယူနိုင်ရေး စိတ်ဓာတ်ဖြင့် အေစီမီလန်တိုက်စစ်မှူးများ ကြိုးစားခဲ့သော်လည်း ပါလာမိုနောက်တန်းနှင့် ဂိုးသမားတို့က အကာအကွယ်ပေးနိုင်ခဲ့မှုကြောင့် အနိုင်ဂိုး မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဧည့်သည် ပါလာမိုကလည်း အကြိုဗိုလ်လုပွဲ ပထမအကျော့၌ အဝေးကွင်းတွင် ဂိုးများသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ နှစ်ဂိုးသွင်းယူနိုင်ပြီး သရေရလဒ်ကို ဖန်တီးနိုင်ခဲ့သဖြင့် ဒုတိယအကျော့အိမ်ကွင်း၌ ယှဉ်ပြိုင်သည့်အခါ အေစီမီလန်ကို အပေါ်စီးမှ ကစားနိုင်ရန် ကြိုးစားမည်ဖြစ်သည်။

ယခုပွဲတွင် အေစီမီလန်တို့အိမ်ကွင်း၌ နှစ်ဂိုးအသွင်းခံရခြင်းမှာ နစ်နာမှုတစ်ရပ်ဖြစ်သော်လည်း အဝေးကွင်း၌ အနိုင်ကစားရမည်ဟု အေစီမီလန်နည်းပြက ပွဲအပြီး၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ် အင်နီယေစတာကစားမည်

ဗလင်စီယာ မေ ၂၁

ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာသည် လာမည့် မေ ၂၇ ရက်၌ ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမ အကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက မေ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ပါဝင်ကစားမည်

အင်နီယေစတာသည် မေ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ပွဲတွင် အဝါကတ်အပြခံရသဖြင့် ယခုပွဲ၌ လွဲဖွယ် ရှိသော်လည်း ယူအီးအက်ဖ်အေက ပြစ်ဒဏ်တစ်စုံတစ်ရာ မချမှတ်သဖြင့် မေ ၂၇ ရက်၌ ကစားမည့်ပွဲတွင် ပါဝင်ဆင်နွှဲမည်ဖြစ်သည်။ **(အင်တာနက်)**

ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာ

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

** အာဂျင်တီးနားနှင့် အီကွေဒေါအသင်းတို့ မေ ၂၀ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲကစားရာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် ယာကောဘ်နှင့် ဟူချီတို့က ဂိုးများသွင်းယူပေးခဲ့ပြီး အီကွေဒေါအသင်းအတွက် ဂိုးများကို ကွီနိုနက်ဇ်နှင့် ကတ်စတီလိုတို့က သွင်းယူပေးခဲ့သည်။*

** ရှော်လ်ကေးအသင်းဂိုးသမား မန်နူရယ်နူရာက ၂၀၁၂ ခုနှစ်အထိ စာချုပ်ထားသည့် ၎င်း၏ စာချုပ်သက်တမ်းအားထပ်မံမတိုးဘဲ စာချုပ်ပြည့်ပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားသည်။*

** မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်က ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ၌ မိမိပါဝင်ကစားလိုကြောင်း၊ မန်ယူအတွက် ဂိုးသွင်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားသည်။*

** ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာက နောက်ထပ် စာချုပ်သက်တမ်း တစ်နှစ်တိုးရန်အတွက် မိမိအသင့်ရှိနေကြောင်း၊ ချယ်လ်ဆီး၌ ဆက်လက်ကစားလိုသောဆန္ဒများ ပြင်းပြနေဆဲဖြစ်ကြောင်း ပြောကြားသည်။*

** ဗီလာနည်းပြ ဟူလီယာသည် နှလုံးရောဂါကြောင့် ဘာမင်ဂမ်မြို့ဆေးရုံ၌ တက်ရောက်ကုသနေရကြောင်း၊ ဘောလုံးပွဲစဉ်များကို လောလောဆယ်၌ ကြီးကြပ်နိုင်မည်မဟုတ်ကြောင်း ၎င်းကလပ်က သတင်းထုတ်ပြန်သည်။*

** လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်အား အင်တာမီလန်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှုကို လီဗာပူးကလပ်က မေ ၂၁ ရက်၌ ပယ်ချလိုက်သည်။*

** မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်အား စပိန်ကလပ်ဆီဗီလာက ပေါင် ၁၂ သန်းပေး၍ ခေါ်ယူလိုကြောင်း မေ ၂၁ ရက်၌ ကမ်းလှမ်းလိုက်သည်။*

(အင်တာနက်)

မြင့်မောင်စိုး–စုစည်းသည်

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်ကစားသမားများ တစ်နှစ်လျှင် ဒေါ်လာခုနစ်သန်းကျော် လုပ်ခရရှိနေကြ

ဘာစီလိုနာ မေ ၂၁

စပိန်ထိပ်တန်း ဘောလုံးအသင်းများဖြစ်ကြသည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့မှ ကစားသမားများ၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် ရရှိနေကြောင်း စစ်တမ်းတစ်ခု၌ ဖော်ပြသည်။

အဆိုပါ ဘောလုံးအသင်းနှစ်သင်းသည် နယူးယောက် ရန်ကီးအသင်းကိုကျော်ပြီး ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်း သုံးသင်းတွင် ပါဝင်လာသည်။

သုံးသပ်

ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာ ပထမဆုံးပွဲထွက် ဘောလုံးကစားသမားတစ်ဦး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်းရပြီး ရီးရဲမက်ဒရစ်ကစားသမား တစ်ဦးမှာမူ တစ်နှစ် ၇ ဒသမ ၄ သန်းရရှိခဲ့ကြောင်း အားကစားသမားများ ဆန်းစစ်လေ့လာရေးအဖွဲ့တစ်ဖွဲ့က သုံးသပ်ထားသည်။

အမေရိကန် ရန်ကီးအသင်း ဘောလုံးသမားတစ်ဦးကို တစ်နှစ်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၈ သန်းသာ ပေးနိုင်ခဲ့သည်ဆို၏။

ပါဝင်

ချယ်လ်ဆီးအသင်းအတွက် ကစားပေးနေသော အကောင်းဆုံး ပွဲထွက်ကစားသမားများအတွက် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အများဆုံးလစာပေးနိုင်ကြောင်း သိရသည်။ မန်ယူ၊ မန်စီးတီးနှင့် အာဆင်နယ်အသင်းများသည်လည်း အကောင်းဆုံးလုပ်ခလစာပေးနိုင်သော အသင်း ၃၀ စာရင်း၌ ပါဝင်ကြောင်း သိရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးကလပ်အသင်း ၂၀တွင် ခြောက်နှစ်ဆက်တိုက် ထိပ်ဆုံး၌ရပ်တည်လျက်ရှိကြောင်း ဒီလွိုက်တေး စီးပွားရေးဆိုင်ရာ သတင်းဝက်ဘ်ဆိုက်မှ ထုတ်ပြန်သော နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။ (အင်တာနက်)

စီရိုနယ်ဒို ခေါင်းတိုက်ဂိုး ရီးရဲမက်ဒရစ်အတွက် ပထမဆုံးဖလားဆွတ်ခူး

မက်ဒရစ် မေ ၂၁

ကမ္ဘာ့ကျော်ဘောလုံးသမား စီရိုနယ်ဒိုသည် မေ ၂၀ ရက် ညပိုင်းက ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကြသည့် ကိုပါဒယ်ရေး (Copa del Rey) ဖလားလုပွဲ၌ ယှဉ်ပြိုင်ကစားရာတွင် လေလွှင့်ချိန်၌ တစ်လုံးတည်းသော ခေါင်းတိုက် အနိုင်ဂိုး သွင်းယူပေးလိုက်ခြင်းကြောင့် မော်ရင်ဟို ရီးရဲမက်ဒရစ်နည်းပြ ဖြစ်လာပြီးနောက် ပထမဆုံးသော ဖလားကို ဆွတ်ခူးပေးလိုက်နိုင်ခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)**

စီရိုနယ်ဒိုသည် အဆိုပါ လေလွှင့်ချိန်အတွင်း အိန်ဂျယ်ဒီမာရီယာ၏ ဖြတ်တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် အနိုင်ဂိုးကို သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ်အတွင်း ၎င်း၏ ၄၂ ဂိုးမြောက်ဂိုး ဖြစ်သည်။

ကာကွယ်ပေး

ဘာစီလိုနာတို့ ယင်းပြိုင်ပွဲတွင် နိုင်ခြေရှိသော်လည်း ရီးရဲမက်ဒရစ်ဂိုးသမားက ဘာစီလိုနာတိုက်စစ်မှူးများဖြစ်ကြသည့် မက်ဆီနှင့် အင်နီယေစတာတို့၏ အပိုင်ကန်သွင်းချက်များကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းအနိုင်ပွဲသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း ရီးရဲမက်ဒရစ်က ဘာစီလိုနာကို ပထမဆုံးအနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် ဆုဖလား ဆွတ်ခူးနိုင်ခဲ့သဖြင့် နည်းပြ မော်ရင်ဟိုအနေဖြင့်လည်း ၂၀၀၃ ခုနှစ် နောက်ပိုင်း တစ်နှစ် ဖလားတစ်လုံးရရှိစေသည့် စံချိန်ကို ဆက်လက်ချိုးနိုင်စေခဲ့သည်။

ချန်ပီယံလိဂ်

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့သည် မေ ၂၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရဦးမည်ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးတို့ မန်ယူနှင့် ခြောက်မှတ်ကွာနေ

လန်ဒန် မေ ၂၁

ပရီမီယာလိဂ်ပွဲစဉ် (၃၃)အဖြစ် မေ ၂၀ ရက်က ယှဉ်ပြိုင်ရာ ချယ်လ်ဆီးတို့ ဘာမင်ဂမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ချယ်လ်ဆီးတို့ အမှတ်ပေးဇယား၏ ဒုတိယနေရာသို့ ရောက်ရှိလာသည်။

သွင်းယူ

ချယ်လ်ဆီး အသင်းအတွက် အနိုင်ဂိုးများကို မာလူဒါက ပွဲစပြီး သုံးမိနစ်ကြာအဖွင့်ဂိုးသွင်းယူသည်။ ယင်းနောက် ကာလူးက ပွဲချိန် ၂၆ မိနစ်တွင် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဘာမင်ဂမ်အတွက် ချေပဂိုးကို ပွဲချိန် ၇၆မိနစ်တွင် လာဆင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် တတိယဂိုးကို မာလူဒါက သွင်းယူခဲ့ပြန်သည်။

ပွဲစဉ် (၃၃)အပြီး မန်ယူက ရမှတ် ၇၀၊ ချယ်လ်ဆီးနှင့် အာဆင်နယ်က ၆၄ မှတ်စီ ရရှိထားကြသဖြင့် မန်ယူနှင့် ခြောက်မှတ်အကွာတွင် ရှိနေသည်။ **(အင်တာနက်)**

22-4 (12).pmd 1 4/22/2011, 2:04 AM

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်းပဒေသာ

မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့ ထိုင်းတံခွန်စိုက် ဖိတ်ခေါ်ပြိုင်ပွဲဝင်မည်

ရန်ကုန် ဧပြီ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ထိုင်းတံခွန်စိုက် ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (အပေါ်ပုံ)

မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသာအောင်(အမှုဆောင်၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်)၊ နည်းပြများအဖြစ် ဦးကျော်ကျော်ဝင်းနှင့် ရဲအုပ်စမ်းစမ်းစိမ့်၊ အားကစားသမားများအဖြစ် အမျိုးသား ချစ်စမ်းမောင် (မီတာ-၁၀၀)၊ သက်ဇော်ဝင်း (မီတာ-၄၀၀-၈၀၀)၊ မောင်ချက် (မီတာ-၁၅၀၀)၊ ထွန်းထွန်းလင်း (တုတ်ထောက်ခုန်)၊ ကျော်ညီညီထွေး (လုံးတံပစ်)၊ အမျိုးသမီး ကေခိုင်လွင် (မီတာ-၁၀၀-၂၀၀)၊ ယဉ်ယဉ်ခိုင် (မီတာ-၄၀၀)၊ အေးအေးသန်း(မီတာ-၈၀၀)၊ ကေခိုင်မျိုးထွန်း (၂၀ ကီလိုမီတာ လမ်းလျှောက်)၊ သန်းတိုးခင်မျိုးအောင် (မီတာ-၁၅၀၀-၅၀၀၀) တို့ လိုက်ပါသွားကြသည်။ (မြန်မာ့အလင်း)

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဧပြီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊အား/ကာ) ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့ **(အပေါ်ပုံ)** သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အာရှမြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြသည်။

တာဝန်ထမ်းရန်လိုက်ပါ

ပြိုင်ပွဲဝင်မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ နည်းပြများအဖြစ် ဦးအောင်နိုင်ဦးနှင့် ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများအဖြစ် Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အမျိုးသမီး သင်းသင်းခိုင်၊ စန်းယုထွေး၊ Compound အမျိုးသား ရဲမင်းဆွေ၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ အမျိုးသမီး အောင်ငှိမ်း၊ လှလှစံနှင့် ယောစိမ်းယတို့ လိုက်ပါသွားကြသည်။ ထို့အပြင် အာရှမြားပစ်အဖွဲ့ချုပ်မှ တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အာရှမြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီးဖြစ်သူ ဒေါ်ကေသီမှာလည်း ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် လိုက်ပါသွားကြောင်း သိရသည်။

အတွေ့အကြုံကောင်းရရှိမည်

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာမြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်လျက်ရှိပြီး အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိနိုင်သည့် ကစားသမားများကိုသာ ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းလည်း ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် မြန်မာမြားပစ်အဖွဲ့သည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ပြိုင်ပွဲ၌ ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီး မြားပစ်နိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

၁၉၉၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် မောင်မောင်ဦး ဖုန်း-၀၉-၅၄၀-၄၇၅၆၊ လဲ့လဲ့ဝင်းသန်း ဖုန်း-၀၉-၇၃၁၂၂၆၄၇၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၀၉-၅၁၀၂-၆၆၈၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၉၁၇၊ သူဇာဝင်း ဖုန်း-၀၉-၅၀၇၉၇၂၃၊ အိအိဖြိုး ဖုန်း-၀၉-၇၃၁၀၅၀၃၅၊ ကျင်ကျင်ဆွိ ဖုန်း-၀၉-၇၃၀၉၂၃၉၂၊ စိုးမိုးအောင် ဖုန်း-၀၉-၇၃၁၀၆-၉၉၇ နှင့် မေသဇင်ဖူး ဖုန်း-၀၉-၅၀၈၇၄၂၄ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြရေပေးရေး လုပ်ငန်းဖြစ်သော လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှုကို အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်း

မူးယစ်စိတ်ကြွဆေးများ မန်စီ၌ ဖမ်းဆီးရမိ

မန်စီ ဧပြီ ၂၁

ဗန်းမော်ခရိုင် မန်စီမြို့နယ် ချောင်းထောက်ကျေးရွာ ဗန်းမော်-နမ့်ခမ်း အဝေးပြေး ကားလမ်းမကြီးပေါ်တွင် ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က မန်စီမြို့နယ်ရဲစခန်းမှ ဒုတိယရဲအုပ် သိန်းထူးအောင် ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မန်စီမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကောင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော အဖွဲ့သည် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင် ရှာဖွေစစ်ဆေးမှု ပြုလုပ်စဉ် မန်ဝိန်းကြီးရွာမှ မန်စီသို့ ဆိုင်ကယ်ဖြင့် ဝင်ရောက်လာသူ မန်စီမြို့ ဂျိန်းဖော့မြေ ရပ်ကွက်နေ(အဖ-ဦးဟုန်းစောလှ)၏ သား မောင်ဘရန်ထွန်း အသက် ၂၀ နှစ်၏ လွယ်အိတ်ထဲမှ မူးယစ်စိတ်ကြွဆေးပြား ၆၀၀ ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၂၈)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ အေးစေတီလမ်းနေ ဦးအေးမောင် - ဒေါ်တင်လှ (သမီး)မသန်းငွေ မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေ ပဒေသာပင်နှင့် လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် (၉၆/F) တွင် နေထိုင်သူ ဦးမောင်မောင်မြင့် ၁၂/ကတတ(နိုင်)၀၂၁၈၈၆ သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၁၆-၉-၁၉၉၈ရက်တွင် မှတ်ပုံတင်အမှတ် (၄/၃၅၈၁)ဖြင့် မိမိတစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်ထားပြီး တစ်ခါသုံး လက်အိတ်အမျိုးမျိုးကို ယနေ့အထိတိုင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော တစ်ခါသုံး လက်အိတ်များကို စီးပွားရေး မသမာသူတစ်စုက ဈေးကွက်အတွင်း တုပပြုလုပ် ဖြန့်ချိရောင်းချနေကြောင်း သိရှိရပါ၍ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကို ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ဆင်တူယိုးမှား တုပပြုလုပ် ဖြန့်ချိရောင်းချသူများအား တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝယ်ယူသုံးစွဲသူများ အနေဖြင့် ကုန်အမှတ်တံဆိပ် အစစ်အမှန်ကိုသာ စိစစ်ရွေးချယ် အသုံးပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငွေသိန်း၊ ဦးမြအောင်(အောင်ကြီး)
တရားလွှတ်တော်ရှေ့နေများ၊
အမှတ်(၁၆၃)လေးလွှာ၊ ၃၈လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်



အထက်ပါဓာတ်ပုံရှင် စိတ်ဝေဒနာသည် ဦးလှဦးသည် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့အမြန်ဆုံးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
အမှတ် ၁၁၈၊ မဟာဗန္ဓုလလမ်းနှင့် ၅၇လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၂၄၀၁၊ ၀၉-၅၁-၄၃၇၇၉၊ ၂၀၂၉၂၁။
မှတ်ချက်။ ။ဘယ်လက်တစ်ဖက်မှာ တံတောင်ဆစ်ကျော်နားမှ ပြတ်နေပါသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ မြန်မာနှစ်ဦး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် တော်ဝင်မင်္ဂလာဒုံ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ကျောင်းကုန်း၌ ရေတင်စင်နှင့် ရေတင်အင်ဂျင်စက်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၂၀

ဘဝပန်းတိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အမြင့်တင်ရေတင်စင်၊ ရေတင်အင်ဂျင်စက်၊ ရေတင်ပန့်နှင့် ရှစ်ပေစလောင်း၊ စာအုပ်စာစောင်များ စုပေါင်းပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် ဘဝပန်းတိုင် စာကြည့်တိုက်၌ ဧပြီ ၈ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနေ ဦးရဲမျိုးထွန်းနှင့်ဇနီး ဒေါ်သီဂီထွန်းတို့က ငွေကျပ်သုံးသိန်းကျော်တန် အမြင့်တင်ရေတင်စင်ကို လှူဒါန်းရာ ဂုဏ်ပြုလွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်ကလည်းကောင်း၊**(ဝဲပုံ)** ဦးကျော်မိုးနှင့်ဇနီး ဒေါ်နယ်လီတို့က ငွေကျပ်ငါးသောင်းတန် ရေတင်ပန့်နှင့် သုတရသစာအုပ် ၄၅၇ အုပ်လှူဒါန်းရာ ဂုဏ်ပြုလွှာကို စာကြည့်တိုက် ဒုတိယဥက္ကဋ္ဌ ဦးသန်းလှိုင်က လည်းကောင်း၊ ဦးရဲဝင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်းတို့က ငွေကျပ်တစ်သိန်းတန် စလောင်းနှင့်ငွေကျပ်နှစ်သိန်းတန် အင်ဂျင်စက်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းက လည်းကောင်း ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဇာ)

ဝေးလံဒေသမှ ပညာရေးဝန်ထမ်းများအား ခရီးစရိတ်ပေးအပ်

ကျိုင်းတုံ ဧပြီ ၂၀

ဝေးလံသော ဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် ပညာရေးဝန်ထမ်းများအား နွေရာသီကျောင်းပိတ်ရက် မိဘရပ်ထံပြန်ရန် ခရီးစရိတ်ပေးအပ်ပွဲကို မတ် ၁၈ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးစိုးနိုင်က ဝေးလံဒေသမှ ပညာရေးဝန်ထမ်း ၂၂၄ ဦးအတွက် ခရီးစရိတ် ငွေကျပ် ၉၆၅၅၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ် ထန်းချောင်း - ဇီးဖြူကောင်း-ရေပုတ်ကျေးရွာ ချင်းဆက် မြေနီလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံ၌ ရှင်အပါး (၁၀၀) စုပေါင်းရှင်ပြုပွဲကျင်းပ

ကျိုင်းတုံ ဧပြီ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျိုင်းတုံနှင့် လွယ်မွေမှ တိုင်းရင်းသား ကျောင်းသားလူငယ် ၁၀၀အား ဧပြီ ၂ရက်နှင့် ၃ရက်များက ကျိုင်းတုံမြို့၌ ရှင်ပြုမင်္ဂလာအခမ်းအနား ကျင်းပသည်။

ဧပြီ ၂ရက်တွင် မောင်ရှင်လောင်း စီတန်းလှည့်လည်ပွဲကျင်းပပြီး ဧပြီ ၃ရက်တွင် လွယ်မွေနယ်စပ်လူငယ်သင်တန်းကျောင်းမှ ရှင်သာမဏေ ၃၅ပါး၊ ကျိုင်းတုံနယ်စပ်လူငယ်သင်တန်းကျောင်းမှ ၆၅ပါးတို့အား (၁၃) ကြိမ်မြောက် ရှင်ပြုမင်္ဂလာပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်ပြုမင်္ဂလာပွဲကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျိုင်းတုံ၌ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ ကျိုင်းတုံကျောင်းအုပ်ကြီး ဦးထွန်းဦး၊ လွယ်မွေကျောင်းအုပ်ကြီး ဦးစိန်မြင့်တို့ဦးဆောင်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ရက်က ညောင်ဦးခရိုင် ဗဟိုမဏ္ဍပ်၌ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဧပြီ ၁၈ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန် ဦးသိန်းကျော်-ဒေါ်မာမာနွယ်တို့အားအမှူးထား၍ သမီးဒေါ်နီမာကျော်၊ မြေး မပန်းခြူးခြူးလွင်တို့က အလှူတော် ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်ပီ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

အမြို့မြို့ အနယ်နယ် သတင်းထွေတလာ

ပခုက္ကူတွင် မဟာသင်္ကြန်ပွဲတော်ဆင်နွှဲ ယိမ်းအဖွဲ့များအား ဆုချီးမြှင့်

ပခုက္ကူ ဧပြီ ၂၀

၁၃၇၂ ခုနှစ် ပခုက္ကူမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) ညနေ ၄ နာရီက ပခုက္ကူမြို့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက နှစ်သစ်ကူး အဖွင့်အမှာစကားပြောကြားပြီး ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် (ပခုက္ကူ)အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်လှိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး**(အောက်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်မှ ယိမ်းအက အလှများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ည ၈ နာရီတွင် အဆိုပါမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။ ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲတွင်ယိမ်းအဖွဲ့ ပထမဆုရ အမှတ်(၁၅)ရပ်ကွက် ကိုယ်စားပြု ယမင်းရွှေစင်ယိမ်းအဖွဲ့၊ တစ်ဦးချင်း အဆိုအက ပထမဆုရ အမှတ်(၈)ရပ်ကွက်မှ မရွှေဝါမို့မို့အောင်၊ သင်္ကြန်မယ်ဆုရ အမှတ်(၁)ရပ်ကွက် ပိတောက်ရွှေဝါ ယိမ်းအဖွဲ့မှ မယဉ်သူနှင့် နှစ်သိမ့်ဆုရသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(၁၀၂)

မြောင်းမြပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၁၃ရက်က ကျင်းပရာ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုခိုင်က ပညာရည်ချွန် ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ဝ၈၅)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

State ကျောင်းလို့ သိကြတဲ့ အထက(၁) ပြင်ဦးလွင်မြို့မှာ ၁၉၇၈ ခုနှစ် နဝမတန်းမှာဖြစ်စေ ၁၉၇၉ ခုနှစ် ဒသမတန်းမှာဖြစ်စေ အတူပညာရည်နို့ သောက်စို့ခဲ့ကြဖူးတဲ့ ရောင်းရင်းတို့ရေ…

ကိုယ်တို့ရဲ့ မိခင်ကျောင်းတော်ကြီးမှာ လာမယ့်ဧပြီ ၂၄ရက်မှာ သက်ကြီးဆရာကြီး၊ ဆရာမကြီးတွေကို အာစရိယပူဇော်ပွဲလုပ်ဖို့ စီစဉ်ထားတယ်လို့ သိရတယ်။ ဒီ ၂၀၁၁ ခုနှစ်မှာ ကိုယ်တို့အထက်တန်းကျောင်းသားဘဝနဲ့ ဆုံစည်းဖြစ်ခဲ့ကြတာ အနှစ် ၃၀ ကျော်ခဲ့ပြီမို့ ကိုယ်တို့ရဲ့ နဝမတန်း၊ ဒသမတန်း ဆရာ ဆရာမဟောင်းတွေကို မိတ်ဆုံညစာစားပွဲလေးနဲ့ သီးသန့်ဂါရဝပြုရင်း ပြန်ဆုံကြဖို့ စီစဉ်ထားတာမို့လို့ ရောင်းရင်းတို့ တက်ရောက်နိုင်မယ်ဆိုရင် ဆက်သွယ်အကြောင်းပြန်ကြားပေးစေချင်ပါတယ်။

၁၉၇၈-၇၉ အထက-၁ မေမြို့ အထက်တန်းကျောင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲ ယာယီဖြစ်မြောက်ရေးကော်မတီ

ဦးခင်ဇော်(ဈေးကြီး)	ဖုန်း-၀၉-၂၀၄၅၇၄၆၊	ဦးအောင်ဇော်	ဖုန်း-၀၉-၄၇၁၃၀၃၈၇၊
ဦးကျော်ဦး	ဖုန်း-၀၉-၂၀၄၄၀၇၇၊	ဦးစိုးနိုင်	ဖုန်း-၀၈၅-၂၂၆၅၃ ext; ၃၁၇
ဦးခင်ဇော်(ရွှေမန်း)	ဖုန်း-၀၉-၄၇၁၂၉၂၄၀	ဒေါ်စန်းစန်းယု	ဖုန်း-၀၈၅-၂၂၆၅၃ ext; ၂၅၄
ဦးတင်လတ်	ဖုန်း-၀၉-၂၀၄၄၃၈၂၊	ဦးတင်ထွန်းအောင်	ဖုန်း-၀၈၅-၂၂၆၅၃ ext; ၃၃၇
ဦးအောင်ကြည်	ဖုန်း-၀၉-၂၀၄၄၁၀၃	ဒေါ်လွင်လွင်ဦး	ဖုန်း-၀၉-၅၁၉၁၆၂၃။

မိတ်ဆုံစားပွဲလက်မှတ်တွေကို ငွေကျပ် ၅၀၀၀ နဲ့ ဝယ်ယူနိုင်ပြီး လက်မှတ်ရောင်းရငွေအားလုံးကို ဆရာ၊ ဆရာမတွေ ကန်တော့ဖို့ အသုံးပြုမှာဖြစ်ပါတယ်။ မိတ်ဆုံစားပွဲလက်မှတ်ဝယ်ဖို့ တစ်နည်းနည်းနဲ့ အခက်အခဲရှိတဲ့သူတွေ ယာယီဖြစ်မြောက်ရေးကော်မတီကို အသိပေးရင် အဆင်ပြေအောင်ကြိုးစားစီစဉ်ပေးပါမယ်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဓာတ်ပုံများငှားရမ်းရန် နှိုးဆော်ခြင်း

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၁၃၇၃ခုနှစ်တွင် မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး၏ဓာတ်ပုံများကို မှတ်တမ်းတင်သိမ်းဆည်းထားမည်ဖြစ်ပါ၍ ဓာတ်ပုံများကို အောက်ပါဌာနသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့ငှားရမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ဓာတ်ပုံများကို Scaner ဖတ်ပြီး ချက်ချင်းပြန်လည်ပေးပို့ပါမည်။ ဖုန်းဆက်အကြောင်းကြားပါက လာရောက်ယူပါမည်။)

ပေးပို့ရန်ဌာန - ဆရာတော်ဦးဉာဏောဘာသာလင်္ကာရ
ဘုရားသုံးဆူပရိယတ္တိစာသင်တိုက်
နန္ဒင်းကုန်းရပ်ကွက်
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၅၆၄၂၀၅၊ ၀၁-၈၅၅၀၁၁၅၊
၀၁-၈၅၅၀၂၄၁၊ ၀၉-၅၀၃၈၇၃၇။

ပြင်ဆင်ပြီး Condo တိုက်ခန်းရောင်းရန်ရှိသည်

အကျယ်အဝန်း 1750 Sqft / 1 MB / 2 B/5 AC / View အလွန်ကောင်း၊ ရွှေတိဂုံဘုရားနှင့် ကျိုက်ခေါက်ဘုရားနှစ်ဆူ ဖူးမြော်နိုင်သည်။ မဟာဗန္ဓုလကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ငွေကျပ်သိန်း ၇၂၀။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၀၉၉၈၁။

ကြေးပိဋကတ်တော်လှူဒါန်းကြစို့

ထေရာအပါဒါန်ပါဠိတော် မြန်မာပြန်ကြေးပိဋကတ်တော်အလှူရှင်များ-

(အဘွားဒေါ်ခင်နု)၊ ဦးသော်ကောင်းတင်-ဒေါ်နှင်းယုခင်၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်။	၁ ချပ် ကျပ် ၂၆၀၀၀
ကိုမိုးဇော်အေး-မဆုရည်ဝေ၊ ပါရမီလမ်း၊ တောင်ဥက္ကလာပ။	၁ ချပ် ကျပ် ၂၆၀၀၀
ကိုလင်းထက်အောင်(၃၃)နှစ်ပြည့်မွေးနေ့၊ စံပါယ်လမ်း၊ အလုံမြို့နယ်။	၁ ချပ် ကျပ် ၂၆၀၀၀
ဦးဝင်းမောင်-ဒေါ်မိမိမာ၊ သားသမီး၊ မြေးများနှင့် မောင်နှမများ၊ တောင်ဥက္ကလာပ။	၁ ချပ် ကျပ် ၂၆၀၀၀
ဦးကျော်မြင့်-ဒေါ်အေးအေးသန်းမိသားစု၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်။	၅ ချပ် ကျပ် ၁၃၀၀၀၀
မခိုင်သန့်ဝင်း၊ မခိုင်သူဝင်းမွေးနေ့၊ ကျီတော်လမ်း၊ ပုဇွန်တောင်မြို့နယ်။	၁ ချပ် ကျပ် ၂၆၀၀၀
မအိန္ဒြာနှင်းဇော်(၁၂)တန်း U.S.A စာမေးပွဲအတွက် ရည်စူးအလှူ၊ ဗဟန်းမြို့နယ်။	၄ ချပ် ကျပ်၁၀၅၀၀၀
ကိုအောင်ဘွား၊ ကိုဇေယျာဝင်းတို့၏မွေးနေ့၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်။	၂ ချပ် ကျပ် ၅၂၀၀၀
(ဦးစန်းသက်လွင်)၊ ဒေါ်အေးသီတာဝင်း၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်။	၂ ချပ် ကျပ် ၅၂၀၀၀
ဒေါ်မွေးမွေးနှင့် မောင်သန့်ဖြိုးအောင်တို့၏မွေးနေ့၊ TOSTA အိမ်ရာ၊ သင်္ဃန်းကျွန်း။	၂ ချပ် ကျပ် ၅၂၀၀၀
ဦးတင်မြင့်-ဒေါ်တင်ဆယ်မိသားစု၊ လင်းစဒေါင်း ဗိုလ်တထောင်။	၂ ချပ် ကျပ် ၅၂၀၀၀

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆၊ ၀၉-၄၉၃၁၆၂၁၃။

'ရွှေပြည်သာ' နှင့် 'ရွှေလင်ဗန်း'

စက်မှုဇုန်ရှိ မြေကွက် (၁ဧက) (သို့) (၂ဧက) မြေကွက်များ အမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် အမြန်ဆက်သွယ်ပါရန်။

ဖုန်း - ၅၁၀၆၀၈, ၅၁၀၉၅၈, ၅၀၀၆၄၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သား မောင်ဇော်ဇော်ထက် ၁၃/မဖန(နိုင်)၀၁၀၇၀၆သည် မိဘများ၏ ဆိုဆုံးမခြင်းကို နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စကို ၎င်းစိတ်ထင်ရာ လုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်ဝင်း
၁၃/တကန(နိုင်)၀၄၄၅၈၃၊
ဒေါ်စန်းစန်းမြင့်
၂/ဒမဆ(နိုင်)၀၁၉၉၆၆။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် ၂၃၊ အခန်းအမှတ် ၁၁ သည် ယခုလက်ရှိ ဦးမြင့်အောင် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးမြင့်အောင်မှ ဒေါ်အေးမြတ်သူ ၁၂/မရက(နိုင်)၀၀၂၂၄၅သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်အေးမြတ်သူ ၁၂/မရက(နိုင်)၀၀၂၂၄၅ က တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဖခင်အမည်မှန်

တောင်ငူမြို့ အလက-၂၊ ဆဋ္ဌမတန်း(A)မှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြည် ၇/အတန(နိုင်)၀၆၄၁၃၃ဖြစ်ပါသည်။

ဖခင်-ဦးမြင့်ကြည်(တောင်ငူ)။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက-၂၊ နဝမတန်း အောင်မှ မသင်းဇာနည်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရဲမင်းအောင်ဖြစ်ပါကြောင်း။ **ဦးရဲမင်းအောင် ၁၂/ဒဂရ(နိုင်)၀၀၉၇၃၉။**

အမည်ပြောင်း

ဦးသိန်းလွင်၏ သား အထက-၅ ဗိုလ်တထောင် အဋ္ဌမတန်း(C)မှ မောင်ဝေယံလင်းထက်အား ယနေ့မှစ၍ မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းမြတ်။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၇၃၂၆၁ ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်း ၉/တသန(နိုင်)၁၅၃၇၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊မြင်းခြံ။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်မှူးမျိုးအောင်၊ ဇနီးဒေါ်တင်ကြည်တို့အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက် အမှတ်၂၃၊ မြေကွက်အမှတ်၂၅၇/ကမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၂၃- စုပေါင်းရပ်ကွက်၊ ယင်းမာမြိုင်လမ်းသွယ်၂၊ အိမ်အမှတ်၆၅ဟုခေါ်တွင်သော အဆောက်အအုံနှင့် အခွင့်အရေးအရပ်ရပ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပုလဲလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ အမှတ်(၅၈/အေ)နေ ဦးခင်မောင်အေးက စရန်ငွေပေးထားပြီးဖြစ်ရာ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ဆိုသူများသည် ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်အေး၏လွှဲအပ်ချက်အရ-

ဦးဇော်မင်း(နေရှင်နယ်)
ဝိဇ္ဇာ+ဥပဒေဝိဇ္ဇာ
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၃၃၀)
ရုံးခန်း(၁)၊ ဝန်ထမ်းသက်သာဆိုင်တန်း၊
သာကေတမြို့နယ်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၂၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်း မြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်း ကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သရက်တောလမ်းနေ ကွယ်လွန်သူ ဘိုးဘွားမိဘများအားရည်စူး၍ ဦးတင်အောင်-ဒေါ်ခင်မေနွဲ့မိသားစုနှင့် ဦးခင်မောင်ဇော် - ဒေါ်ငွေးငွေးဝင်း မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် Waiting Chair လေးလုံးတစ်စုံအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မွန်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၏ (၃၈)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၈)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မွန်ဓမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌနိုင်မင်းသောင်းသျှင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွန်သက်ကြီး အဘိုးအဘွား ၁၅၈ ဦးတို့အား အလှူပစ္စည်းများပေးအပ်၍ စုပေါင်းပူဇော်ကန်တော့ကြပြီး ထာဝရရန်ပုံငွေ လှူဒါန်းကြသည်။

ပေးအပ်

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့အား တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၁၃၅)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ ပူဇော်ပွဲအတွက် မတ် ၁၇ ရက်က မော်လမြိုင်မြို့ ဖက်တန်းရပ် မဟာမြတ်မုနိဘုရားလမ်း အမှတ်(၁/၁)နေ ဦးအေးကြူ (မြို့နယ်အခွန်ဦးစီးဌာန)- ဒေါ်ထားထားရီမိသားစုက ငွေကျပ် ၆၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၀၇)

ဖခင်အမည်မှန်

အထက-၂၊ မြိတ်၊ ပဉ္စမတန်းမှ မောင်သက်ပိုင်ဦးနှင့် သတ္တမတန်းမှ မတွယ်တာဦးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးမိုးသိန်း ၁၄/ဝခမ(နိုင်)၁၃၅၀၉၅ဖြစ်ပါသည်။

ဦးစိုးမိုးသိန်း
၁၄/ဝခမ(နိုင်)၁၃၅၀၉၅။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ကောလင်းမြို့နယ်တရားရုံးနယ်တရားမရုံး၌
၂၀၁၁ခုနှစ် တရားမကြီးအမှုအမှတ်-၂၈

ဒေါ်တူးတူး(ဘ)ဦးလှအောင်	နှင့်	မခင်ငြိမ်း(ဘ)ဦးလှဝေ
ကျော်ဇေယျာရပ်၊ ကောလင်းမြို့။		စက်ရုံ-လယ်ပြင်ရပ်၊ ကောလင်းမြို့။
တရားလို		**တရားပြိုင်**

ကောလင်းမြို့၊ စက်ရုံ-လယ်ပြင်ရပ်နေ မခင်ငြိမ်း (ဘ)ဦးလှဝေသိစေရမည်။

သင့်အပေါ်၌ ဒေါ်တူးတူးက စုကြေးငွေအမှတ်စဉ်(၁၄)အတွက် ငွေကျပ် ၁၉၂၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဧပြီ ၂၉ရက် (၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအောင်သိန်း
မြို့နယ်တရားသူကြီး
ကောလင်းမြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ကောလင်းမြို့နယ်တရားရုံးနယ် တရားမရုံး၌
၂၀၁၁ခုနှစ် တရားမကြီးအမှုအမှတ်-၂၇

ဒေါ်တူးတူး(ဘ)ဦးလှအောင်	နှင့်	မခင်ငြိမ်း(ဘ)ဦးလှဝေ
ကျော်ဇေယျာရပ်၊ ကောလင်းမြို့။		စက်ရုံ-လယ်ပြင်ရပ်၊ ကောလင်းမြို့။
တရားလို		**တရားပြိုင်**

ကောလင်းမြို့၊ စက်ရုံ-လယ်ပြင်ရပ်နေ မခင်ငြိမ်း(ဘ)ဦးလှဝေသိစေရမည်။

သင့်အပေါ်၌ ဒေါ်တူးတူးက စုကြေးငွေအမှတ်စဉ်(၈)အတွက် ငွေကျပ်၁၉၂၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ ခုနှစ် ဧပြီ ၂၉ရက် (၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအောင်သိန်း
မြို့နယ်တရားသူကြီး
ကောလင်းမြို့နယ်တရားရုံး။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်၃၁၊ ပထမထပ်တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လက်ရှိဖြစ်သူ ဒေါ်ခင်တင့်သိန်း ၁၁/ကဖန(နိုင်)၀၄၀၉၂၇ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဇော်ဝင်း(LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၅၆၃၆)
အမှတ် ၅၅၊ အခန်း ၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၉၆၈၅၊ ၀၉-၅၄၀၉၉၈၉။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၉

တပ်ကြပ်ကြီးမြင့်လွင်	နှင့်	၁။ ဦးကိုကြီး
		၂။ ဦးတင်ငွေ
		၃။ ဦးကံမောင်
		၄။ ဦးစိန်ကြီး
		၅။ ဦးကျော်ဦး
		၆။ ဦးကျော်ရွှေ
		၇။ ဦးမောင်ငွေး
		၈။ ဦးမောင်ကြီး
		၉။ ဦးစိန်မင်း
		၁၀။ ဦးဆန်းမောင်
		၁၁။ ဦးစိုးပိုင်
တရားလို		**တရားပြိုင်များ**

ကောလင်းမြို့နယ်၊ ကျောက်တန်းအုပ်စု၊ သစ်ဆိမ့်ကုန်းကျေးရွာနေ ၁။ ဦးကိုကြီး၊ ၂။ ဦးတင်ငွေ၊ ၃။ ဦးကံမောင်၊ ၄။ ဦးစိန်ကြီး၊ ၅။ ဦးကျော်ဦး၊ ၆။ ဦးကျော်ရွှေ၊ ၇။ ဦးမောင်ငွေး၊ ၈။ ဦးမောင်ကြီး၊ ၉။ ဦးစိန်မင်း၊ ၁၀။ ဦးဆန်းမောင်၊ ၁၁။ ဦးစိုးပိုင်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရင်းအနီးထည့်ဝင်ငွေကျပ်ဆယ်သိန်း ပေးအပ်ပါမည်ဟု ကတိပြုထားသည့် အကျိုးအမြတ်ငွေကျပ်တစ်ဆယ့်ငါးသိန်း စုစုပေါင်း ကျပ်နှစ်ဆယ့်ငါးသိန်းကို ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ခုနှစ် မေ ၅ရက် (၁၃၇၃ခုနှစ် ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြမြဦး
တွဲဖက်မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
စစ်ကိုင်းတိုင်းဒေသကြီးတရားရုံးတော်
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၂၄

ဒေါ်အုန်းညွန့်	နှင့်	၁။ ဒေါ်ခင်ဆွေတင့်
		၂။ ဒေါ်ခင်စန်းမြင့်
		၃။ ဦးအောင်မြင့်
		၄။ ကိုမင်းမင်း
		၅။ ဦးမြင့်မောင်
		၆။ ဒေါ်တင်ရွှေ
		၇။ ဦးသိန်း
တရားလို		**တရားပြိုင်များ**

၁။ ဒေါ်ခင်စန်းမြင့် တိုက်လုံးတွဲတိုက်၊ အခန်း ၅၊ ဝေဠုဝန်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် ဦးသိန်း ၃၈ လမ်း၊ ၇၈×၇၉လမ်းကြား၊ ဟောမမာလာတောင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်အုန်းညွန့်က ကသာခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၁/၂၀၀၀)တွင် ချမှတ်ခဲ့သောဒီကရီနှင့် ယင်းဒီကရီကို အတည်ပြုထားသည့် စစ်ကိုင်းတိုင်းတရားရုံး၏ တရားမအယူခံမှုအမှတ်(၈၇/၂၀၀၂)တွင် ချမှတ်သော ဒီကရီတို့သည် မမှန်မကန်ရယူထားသော ဒီကရီဖြစ်၍ တရားမဝင် အတည်မဖြစ် ပျက်ပြယ်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဧပြီ ၂၉ရက် (၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းဒေသကြီးတရားသူကြီး
စစ်ကိုင်းတိုင်းဒေသကြီးတရားရုံး၊ မုံရွာမြို့။

မြတ်သန္တာမဟာစည်ရိပ်သာ
ကလေး တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေး မြတ်သန္တာ မဟာစည်ရိပ်သာ၌ ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ကလေးတရားစခန်းဖွင့်မည်။

ဖုန်း-၆၂၈၁၀၅၊ ၇၀၇၄၉၇၊ ၀၉-၅၁၇၆၅၇၅။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးအုန်းရွှေ
အသက်(၈၆)နှစ်

ဟင်္သာတမြို့၊ ပတ္တမြားရပ်ကွက်၊ ၃လမ်း၊ အမှတ် ၉၈နေ (ဦးဘချစ်-ဒေါ်မြခင်)တို့၏သား၊ (ဒေါ်လေးကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အမှတ်၇၄၀နေ ဒေါ်မြမြစန်း၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးလှရီ-ဒေါ်မာမာဦး၊ ရန်ကုန်သန်လျင်တံတား စီမံကိန်းအိမ်ရာဝင်း၊ ဂ-၁/အခန်း ၆နေ ဦးစိန်လှိုင်-ဒေါ်ဝင်းတင်၊ အမှတ် ၇၄၀၊ အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက်နေ ဦးကြင်ဝင်း-ဒေါ်ခင်ခင်ဆွေတို့၏ဖခင်၊ ကိုသူရရဲထွဋ်၊ မနွေးအိလှိုင်(1st B.Tech၊ သန်လျင်)၊ မသီရိစိန်လှိုင်(အထက-၂၊သာကေတ)၊ မအေးပပမွန်၊ မသင်းပပမွန်တို့၏ ဘိုးဘိုးကြီးသည် ၁၉-၄-၂၀၁၁ရက် (အင်္ဂါနေ့) နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၁ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ၄/တောင်ရပ်ကွက်၊ သာကေတ၊ အမှတ်၇၄၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၂-၄-၂၀၁၁ရက်တွင် ကွယ်လွန်သွားသော ဒေါ်လှသင်(ကွမ်းခြံကုန်း) အသက်(၈၇)နှစ် နာမကျန်းဖြစ်စဉ်က ဂရုစိုက်ကုသပေးသော ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ ကွမ်းခြံကုန်းအသင်း (ရန်ကုန်) မှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖ မိတ်ဆွေများနှင့် နှစ်သိမ့်အားပေးကြသော ပုဂ္ဂိုလ်များအား ဖခင်ကြီးဦးရာမနှင့် ကျန်ရစ်သူမိသားစုများမှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးမဲ(ခ)ဦးလှရီ
(ထားဝယ်)
အသက်(၈၃)နှစ်

၁၆-၃-၂၀၁၁ရက် (စနေနေ့)တွင် ကွယ်လွန်သွားသော ဦးမဲ(ခ)ဦးလှရီ နာမကျန်းစဉ်က ပြုစုစောင့်ရှောက်ပေးသော SSC အထူးကုဆေးခန်းမှ ဆရာဝန်၊ဆရာမများ၊ သူနာပြုများနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးအထူးတင်ရှိခြင်း
ဦးလှမြင့်(ကုန်းဘောင်း)
ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာရေး-ငြိမ်း)(ကုန်သွယ်/လယ်ယာ)
အသက်(၈၂)နှစ်

၁၀-၄-၂၀၁၁ ရက်တွင် ကွယ်လွန်ခဲ့သော (ဦးဘသင်-ဒေါ်အေးတင်)တို့၏ ဒုတိယသား၊ (ဦးအောင်ချမ်း-ဒေါ်စိန်မြ)တို့၏ သားသမက်၊ (ဒေါ်သန်းရီ၊ စာတိုက်မှူး၊ ငြိမ်း)၏ခင်ပွန်း၊ ရေနံချောင်းမြို့နေ (ဦးအုန်းမောင်-ဒေါ်အမာကြည်)၊ ကုန်းဘောင်းမြို့နေ ဦးသိန်းတန်-ဒေါ်သူတို့၏ အစ်ကို၊ ဒေါ်မြမြညို၊ ဦးဇော်ဝင်း-ဒေါ်ခင်လေးမေ၊ ဦးနိုင်ဦး-ဒေါ်စန္ဒာထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ တူ၊ တူမ ၂၄ယောက်တို့၏ဘကြီး ဦးလှမြင့်နာမကျန်းစဉ်က ဂရုတစိုက်ကုသစောင့်ရှောက်ပေးခဲ့ကြသော မဟာမြိုင်အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြု ဆရာ၊ ဆရာမတို့နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်သူမိတ်ဆွေများနှင့် သတင်းမေးကြသူများ၊ ကုန်သွယ်/လယ်ယာဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၊ ရက်လည်ဆွမ်းသွတ်တရားတော်နာအထိ လာရောက်ကူညီကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်သန်း
အသက်(၈၀)

ဒေါ်အေးမြင့်-ဦးတင်ထွန်းတို့၏မိခင် ဒေါ်ခိုင်ခိုင်မြင့်(Gunkul Engineering and Fresh Air-Cond)-ဦးဇေယျာသူရမွန်(Gunkul Engineering and Fresh Air-Cond)တို့၏အဘွား ဒေါ်စိန်သန်းသည် ၁၇-၄-၂၀၁၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဦးသီဟသူရမွန်-ဒေါ်မေသူကျော်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးညွန့်ဝင်း
M.B.,B.S (Mdy) (D.obst)
အရှေ့ပိုင်းသားဖွားခန်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၉၅၊ ဒုတိယထပ်(ဝဲ)နေ ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်နှင်းဆီ၏ခင်ပွန်း ဒေါက်တာဦးညွန့်ဝင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၁၀-၄-၂၀၁၁ ရက် ညနေတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ-
အန်တီသန်း၊ မမေ၊ စိုးစိုး၊ မသစ်၊ မယု၊
လွင်လွင်၊ တိုးတိုး၊ မစိုး၊ မမြမြအေး၊
နယ်လီချစ်၊ မခင်ရွှေ၊ မပုံ၊ တင်တင်အေး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သိပ္ပံနည်းကျစိုက်နည်းစနစ် လက်တွေ့ပြသ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် သိပ္ပံနည်းကျစိုက်နည်းစနစ် လက်တွေ့ပြသစိုက်ပျိုးခြင်း အခမ်းအနား တွင် တောင်သူများအား ရှင်းရှင်းနီးနီး တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပေါင်စနစ်ဖြင့်စိုက်ပျိုးခြင်းသည် မျိုးစေ့သုံးစွဲမှုသက်သာ အထွက်နှုန်းပိုမိုပြီး စပါးထုတ်လုပ်မှု တိုးတက်လာမည်

နေပြည်တော် ဧပြီ ၂၁

စပါးတစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက် ထွက်ရှိရေး သိပ္ပံနည်းကျစိုက်နည်းစနစ် လက်တွေ့ပြသစိုက်ပျိုးခြင်း အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာအနီး၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်အားပေးပြီး စပါးတစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက်ထွက်ရှိရေး လက်တွေ့ကျသော သိပ္ပံနည်းကျစိုက်နည်းအချက် (၁၄)ချက်ကို အသေးစိတ်မှာကြားကာ စိုက်ကွင်းအတွင်း ပေါင်စနစ်ဖြင့် ပျိုးကြဲခြင်းကို တောင်သူများနှင့်အတူ *စာမျက်နှာ ၈ ကော်လံ ၄* ✻

သုတစွယ်စုံ စာပေဆုရရှိသူများစာရင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် ဆဋ္ဌမအကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာရာ ဆုရရှိသူများမှာ သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ဦးဝင်းမောင် (ဆရာမင်းယုဝေ)၊ စာပဒေသာ ဘာသာရပ် အတွက် **"အိုဆာကာညွှန့်သည်"**စာအုပ်ဖြင့် မောင်ခင်မင်(ဓနုဖြူ)၊ ဝိဇ္ဇာဘာသာရပ်အတွက် **"လွမ်းတော်မူဖို့ စာကိုစီတယ်"** *စာမျက်နှာ ၃ ကော်လံ ၁* ■

Thaicom-5 ဂြိုဟ်တု၏ ချွတ်ယွင်းမှုကြောင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်များ ခေတ္တပြတ်တောက်သွားခဲ့ ယခု ပုံမှန်ပြန်လည်တင်ဆက် ထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၁

ယနေ့ ညနေ ၄ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ တင်ဆက်ထုတ်လွှင့်ရာတွင် Thaicom-5 ဂြိုဟ်တု၏ ချွတ်ယွင်းမှုကြောင့် ရန်ကုန်မြို့နှင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့တို့မှအပ ကျန်မြို့များတွင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ ည ၇ နာရီခန့်အထိ ခေတ္တပြတ်တောက်သွားခဲ့ကြောင်း၊ ထို့နောက် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ည ၇ နာရီမှစတင်၍ ပုံမှန်ပြန်လည်တင်ဆက် ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ Thaicom-5 ဂြိုဟ်တု၏ ချွတ်ယွင်းမှုကြောင့် နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေစဉ် မြန်မာနိုင်ငံအောက်ပိုင်း ဒေသအချို့၌ ညနေ ၄ နာရီမှ ၄ နာရီခွဲအထိ မိနစ် ၃၀ ခန့် အသံပြတ်တောက်သွားခဲ့ကြောင်း၊ ထို့နောက်ပိုင်း အသံပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)